# ယေရှုထမြောက်ပြီ



ပုံဖော်သူ
Meryl Esenwein

ရေးသားသူ
Rose A. Goodman

# ဘဝသစ်တစ်ခုနှင့်မိတ်ဆက်ပေးခြင်း

ချစ်လှစွာသော လုလင်ပျိုနှင့်လုံမငယ်များတို့ ...

ဤစာအုပ်သည် သင်တို့အတွက်ဖြစ်ပါသည်။ ဘဝအသက်တာ၏အဖြေကို ရှာဖွေတွေ့ရှိစေရန် သင့်ကို ဤစာအုပ်ကကူညီပါလိမ့်မည်။ နှုတ်ကပါတ်တော်ရှိ ကျမ်းပိုဒ်များကို မှတ်သားကျက်မှတ်ခြင်းအားဖြင့် သင်သည် အခြားလုလင်ပျိုနှင့်လုံမငယ်တို့အား ဝေငှသင်ကြားပေးနိုင်မည်ဖြစ်သည်။ သင့်ကိုလည်း များစွာအထောက်အကူပြုပါလိမ့်မည်။

သင်သိရှိပြီးပြီလား။ လူမျိုးနှင့်သမိုင်းအားလုံးထဲတွင် သေခြင်းမှ ကိုယ်တိုင် ရှင်ပြန်ထမြောက်နိုင်စွမ်းတန်ခိုးရှိသူသည် ဤလောကတွင် တစ်ဦးတည်းသာရှိပေသည်။ ထိုပုဂ္ဂိုလ်မှာ သခင်ယေရှု ခရစ်တော်ပင်ဖြစ်၏။ ထိုသူသည် အသက်ရှင်တော်မူသော ဘုရား၏သားတော်ဖြစ်သည်။ "ငါ့အသက်ကို အဘယ်သူမျှ မလုမယူ။ ကိုယ့်အလိုလျောက်စွန့်၏။ ကိုယ့်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တစ်ဖန် ကိုယ့်အသက်ကို ပြန်ယူရသောအခွင့်သည် ငါ့၌ရှိ၏" (ရှင်ယောဟန် ၂၀း၁၈)။ သခင်ယေရှု၏ သေဆုံးခြင်းသည် မတော်တဆဖြစ်ရပ်မဟုတ်သည်ကို သင်မြင်နိုင်ပါလိမ့်မည်။ ကားတိုင်ပေါ်၌ အသေခံခြင်းမတိုင်ခင်က၊ ကျွန်ုပ်တို့၏အပြစ်မှ ကယ်တင်တော်မူမည့် သူ၏အကြံတော်ကို သခင်ယေရှုမိန့်မြွက်ခဲ့သည်မှာ ကြာခဲ့ချေပြီ။ "မောရှေသည် တော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား ထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရမည့်အကြောင်းတည်း" (ရှင်ယောဟန် ၃း၁၄-၁၅)။ ဤစာအုပ်သည် သခင်ယေရှုအကြောင်းနှင့် ပတ်သက်၍သော်၎င်း၊ သူသွားရောက်ပြင်ဆင်သော ထာဝရအသက်ရှင်ရာနေရာနှင့် ထာဝရအသက်အား သင်အဘယ်ကဲ့သို့ရယူနိုင်သည်ကို ပြည့်စုံစွာဖော်ပြပေလိမ့်မည်။ "သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏" (ရှင်ယောဟန် ၁၄း၂)။

ခရစ်တော်ကို လူတို့၏ကယ်တင်ရှင်အဖြစ် မယုံကြည်သောသူတိုင်းသည် ထာဝရပြစ်ဒဏ်နှင့် ထာဝရငရဲမီးအိုင်သို့ သွားရလိမ့်မည်။ ထာဝရငရဲမီးအိုင်သည် မာရ်နတ်နှင့် ၎င်း၏အဖော်များအတွက် ပြင်ဆင်ထားသောနေရာဖြစ်ပေသည် (ရှင်မဿဲ ၂၅း၄၁)။ ဤစာအုပ်က ထိုနေရာအကြောင်းကိုလည်း ဖော်ပြလိမ့်မည်။

ဘဝသည် ခရီးစဉ်တစ်ခုနှင့် အလားသဏ္ဍာန်တူ၏။ ကျွန်ုပ်တို့ကလည်း ဤခရီးစဉ်အတွက် ပြင်ဆင်ရပေမည်။ ကောင်းကင်ဘုံကို ကျွန်ုပ်တို့၏နေအိမ်အဖြစ် ပြုလုပ်လိုလျှင် ထိုနေရာသို့ သွားရောက်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည်။ သင်သည် သင်၏မိသားစုထဲသို့ ကလေးတစ်ဦးအဖြစ် မွေးဖွားလာပြီး မိသားစုဝင်ဖြစ်လာသည်။ ကောင်းကင်ဘုံသို့ ဝင်ရောက်လိုသူတိုင်းသည် ဘုရားသခင်၏မိသားစုဝင်အဖြစ် မွေးဖွားခြင်းကို ခံယူရမည်ဖြစ်သည်။ ရှင်ယောဟန် ၃း၃ ၌ သခင်ယေရှုခရစ်တော် မိန့်တော်မူသည်မှာ "ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်" ဟုဖြစ်ပေသည်။

မြေကြီးပေါ်ရှိ ယခုဘဝအသက်တာသည် တိုတောင်းလှပေသည်။ ကျွန်ုပ်တို့၏ဘဝသည် တစ်နေ့သေဆုံးပေလိမ့်မည်။ တစ်ခြားသူတို့ထက် အချို့သောသူတို့၏ဘဝသည် ပို၍တိုတောင်းပေသည်။ ကျွန်ုပ်တို့မြင်ရသည်မှာ ငယ်ရွယ်သောကလေးငယ်များသေဆုံးခြင်း၊ မိန်းကလေးများသေဆုံးခြင်း၊ ဆယ်ကျော်သက်အရွယ်များသေဆုံးခြင်းနှင့် အသက်အရွယ်အမျိုးမျိုးရှိသောလူများ သေဆုံးခြင်းတို့ဖြစ်ပေသည်။ ထိုဖြစ်ရပ်များသည် နာမကျန်းဖြစ်ခြင်း (သို့) မတော်တစ်ဆထိခိုက်မှုကြောင့်သေဆုံးခြင်း စသည်တို့ကြောင့်လည်း ဖြစ်နိုင်သည်။ "...လူသည်တစ်ခါတည်းသေ၍..." (ဟေဗြဲ ၉း၂၇)။

တစ်နေ့သောအခါ သင်နှင့်ကျွန်ုပ်သည် ရှင်သန်နေရာ ဤခန္ဓာကိုယ်မှ စွန့်ခွာရပေမည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် မြေမှုန့်သို့ပြန်သွားရပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်မှာမူ ဘုရားသခင်ထံသို့တက်သွားပြီး မြေကြီးပေါ်မှာ ကျွန်ုပ်တို့ မည်ကဲ့သို့သက်ရှင်နေထိုင်သည်ကို ဘုရားသခင်က စစ်ကြောတော်မူလိမ့်မည်။ "ထိုကာလ၌မြေမှုန့်သည် နေရင်းမြေသို့၎င်း၊ ဝိညာဉ်သည် အရင်ပေးတော်မူသောဘုရားသခင်ထံသို့၎င်း ပြန်သွားရလိမ့်မည်" (ဒေသနာကျမ်း ၁၂း၇)။ "သို့ဖြစ်၍၊ ငါတို့ရှိသမျှသည် ဘုရားသခင်စစ်ကြောတော်မူခြင်းကို ခံရကြမည်" (ရောမ ၁၄း၁၂)။

အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသက်ရှင်သောဝိညာဉ်တစ်ခုအဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ "ထို့နောက်၊ ထာဝရရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင် လူသည် အသက်ရှင်သောသတ္တဝါ ဖြစ်လေ၏" (ကမ္ဘာဦးကျမ်း ၂း၇)။ "အသားရှိသမျှတို့သည် တစ်မျိုးတည်းမဟုတ်။ လူသားတစ်မျိုး၊ အမဲသားတစ်မျိုး၊ ငါးသားတစ်မျိုး၊ ငှက်သားတစ်မျိုး၊ အသီးသီးရှိကြ၏" (၁ ကောရိန္သု ၁၅း၃၉)။

ထို့ပြင် ပထမဆုံးဖြစ်သော လူယောကျ်ားနှင့်လူမိန်းမ (အာဒံနှင့်ဧဝ) သည် ဘုရားသခင်စကားကို နာခံမှုမရှိဘဲ ဆန့်ကျင်သောကြောင့်

အပြစ်သားဖြစ်ခဲ့ရပြီး လူသားမျိုးနွယ်အပေါ်သို့ အပြစ်ကျရောက်လာပေသည်။ ထို့နောက်မှာ မွေးဖွားလာသောကလေးတိုင်းသည် အပြစ်သားဖြစ်လာသည်။ ထိုဖြစ်ရပ်သည် ကျွန်ုပ်တို့ကယ်တင်ရှင်တစ်ဦးကို အဘယ်ကြောင့်လိုအပ်သနည်းဆိုသည်ကို ဖော်ပြသည်။ ကျွန်ုပ်တို့သည် ဒုတိယမွေးခြင်းကို ခံယူခြင်းအားဖြင့်၊ အပြစ်များကို ဖယ်ရှင်းပြီးဖြစ်ပေမည်။ ထို့အပြင် "ဒုတိယမွေးခြင်း" အားဖြင့် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်ဖို့ရန်အတွက် ပြင်ဆင်ပြီးဖြစ်ပေမည်။

ကျွန်ုပ်တို့၏နှလုံးသားထဲ၌ ခရစ်တော်ရှိခြင်းအားဖြင့် ဘဝတွင်လှုပ်ရှားတက်ကြွမှုကို ဖြစ်ပေါ်စေသည်။ ခရစ်တော်သည် ဘုန်းအသရေနှင့် ပြည့်စုံတော်မူသော ခန္ဓာကိုယ်ဖြင့် သေခြင်းမှရှင်ပြန်ထမြောက်တော်မူပြီး ထိုခန္ဓာသည် နောက်တစ်ဖန်သေဆုံးမှု မည်သည့်အခါမျှ မရှိတော့ချေ။ ထို့အပြင် စိတ်နှလုံးထဲ၌ ခရစ်တော်၏ဝိညာဉ် ကိန်းအောင်းသူအားလုံးသည် ဘုန်းအသရေနှင့်ပြည့်စုံသည့် ခန္ဓာကိုယ်ဖြင့် သေခြင်းမှရှင်ပြန်ထမြောက်အောင် သခင်ယေရှု တတ်စွမ်းနိုင်တော်မူသည်။ ထိုခန္ဓာကိုယ်သည် ဘယ်သောအခါမျှ နောက်တစ်ဖန် သေဆုံးမှုမရှိတော့ပါ (ရောမ ၈း၁၁)။ ကျွန်ုပ်တို့သည် မီးငရဲအိုင်ထဲ၌ ဒုတိယအကြိမ်သေဆုံးခြင်းကို ဘယ်သောအခါမျှ မြင်ရလိမ့်မည် မဟုတ်ချေ။ "ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း" (ဗျာဒိတ်ကျမ်း ၂၀း၁၅)။ မိမိစိတ်နှလုံးထဲ၌ ခရစ်တော်ရှိသည့် မည်သူမဆို ဒုတိယသေခြင်းသည် လွှမ်းမိုးနိုင်စွမ်းမရှိချေ။ ဗျာဒိတ်ကျမ်း ၂၀း၆ မှ ပြောသည်မှာ "ထိုသို့သောသူသည် ဒုတိယသေခြင်း၏ လက်နှင့်ကင်းလွတ်လျက်..."။

သခင်ယေရှုပြန်ကြွလာသည့်တိုင် ကျွန်ုပ်တို့အသက်ရှင်နေခဲ့ပါလျှင် ပထမတစ်ကြိမ်သေခြင်းကို မကြုံရတော့ပေ။ ၁ သက်သာလောနိတ် ၄း၁၇ မှပြောသည်မှာ "ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တစ်ကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။"

ကျွန်ုပ်အလွန်နှစ်သက်လှသော ကျမ်းပိုဒ်ဖြစ်သော ရောမ ၁၀း၉ နှင့် နိဂုံးချုပ်လိုပါသည်။ "သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်ရလိမ့်မည်။"

သင့်အားဂရုစိုက်လိုသူမိတ်ဆွေရင်း<br>Rose A. Goodman


## ကျေးဇူးတင်စကား

ဤ "ယေရှုထမြောက်ပြီ" ရုပ်ပြစာအုပ်အတွက် ရုပ်ပုံပန်းချီချယ်မှုန်းပေးသော Ms. Meryl Esenwein, အရှေ့အာဖရိကဒေသတွင် World Gospel Mission နှင့်အတူတစ်ကွလက်တွဲလျက် ပန်းချီဆရာနှင့် အမှုတော်ဆောင်အဖြစ်ထမ်းရွက်ခဲ့သူအပေါ်တွင် ကျေးဇူးအထူး တင်ရှိပါသည်။ Rose A. Goodman

သမ္မာကျမ်းမှီငြမ်း – Myanmar Bible Eagle version. Copyright 2006.

**ယောဘသည်  ဘုရားသခင်ကိုချစ်မြတ်နိုးသောသူတစ်ဦးဖြစ်သည်။**

တစ်နေ့သ၌ သူ၏မိသားစုနှင့်စည်းစိမ်ဥစ္စာတို့သည် သူ့ထံမှ
စွန့်ခွာကုန်ကြသည်။



"ယောဘသည် ခန္ဓာတစ်ခုလုံး အနာစိမ်းများဖြင့်အတိဖြစ်လျက် စိတ်ပင်ပန်းစွာ လဲလျောင်းနေလေ၏။ ထို့နောက် ဤမေးခွန်းကိုမေးလေ၏ – လူသည် သေလျှင် အသက်ပြန်ရှင်ပါလိမ့်မည်လော။" ယောဘ ၁၄း၁၄(က)

ဤစာအုပ်ကိုဆက်လက်ဖတ်ရှုပါက အဖြေကိုတွေ့လိမ့်မည်။

(ယောဘ အခန်းကြီး ၁ နှင့် ၂း၁–၁၀ ကိုဖတ်ပါ။)
(ပုံကို လိုအပ်သလို ဆေးရောင်ခြယ်ပါ။)

# သခင်ယေရှုသည် လာဇရုကို သေခြင်းမှရှင်ပြန်ထမြောက်စေခြင်း

"လာဇရု၊ ထလော့။"



ယေရှုသည် လာဇရု၏သင်္ချိုင်းတွင်းသို့သွား၍ ကြီးစွာသောအသံဖြင့် "လာဇရု၊ ထွက်လာလော့" ဟု ဟစ်ခေါ်တော်မူရာ သေလွန်သောသူသည် ထွက်လာ၏။

ယောဟန် ၁၁း၄၃(ခ)–၄၄(က)

# သခင်ယေရှုသည်တရားဇရပ်မှူး၊ ယာဣရု၏သမီးကို ရှင်ပြန်ထမြောက်စေခြင်း

"မိန်းကလေး၊ ထလော့ငါဆို၏"
မာကု ၅း၄၁(ခ)



တရားဇရပ်မှူး ယာဣရု၏ နှစ်ဆယ့်တစ်နှစ်အရွယ် သမီးငယ်သည် သေဆုံးသွားခဲ့သည်။ ယေရှုသည် သူမ၏လက်တော်ကိုကိုင်လျက် "မိန်းကလေး၊ ထလော့ငါဆို၏" ဟုမိန့်တော်မူ၏။ ထိုခဏချင်းတွင် မိန်းကလေးသည် ထ၍ လှမ်းသွား၏။ ထိုသူတို့သည် အလွန် မိန်းမောတွေဝေခြင်းသို့ ရောက်ကြ၏။ (ဖတ်ရန် မာကု ၅း၂၂–၄၃)

# မုဆိုးမတစ်ဦး သူ၏တစ်ဦးတည်းသောသားကို ဆုံးရှုံးခြင်း



မုဆိုးမ၏သားသည် သေဆုံးသွားလေ၏။ သခင်ဘုရားသည် ထိုမိန်းမကို မြင်လျှင် သနားခြင်းစိတ်ရှိတော်မူ၍ 'မငိုနှင့်' ဟုမိန့်တော်မူလျက် အနီးသို့ကြွ၍ တလားကိုလက်နှင့်တို့တော်မူသဖြင့် ထမ်းသောသူတို့သည် ရပ်၍နေကြ၏။ ကိုယ်တော်ကလည်း 'အချင်းလုလင်၊ ထလော့၊ သင့်အားငါအမိန့်ရှိသည်' ဟု မိန့်တော်မူ၏။ (လုကာ ၇း၁၃–၁၄)

## မုဆိုးမ၏သား သေခြင်းမှ ပြန်ရှင်လာခြင်း

"သေသောသူသည် ထိုင်၍ စကားပြော၏။ ကိုယ်တော်သည်လည်း ထိုသူကို မိခင်အားအပ်ပေးတော်မူ၏။" (လုကာ ၇း၁၅)
(ဤပုံပြင်ကို လုကာ ၇း၁၁–၁၇ တွင်တွေ့ရှိနိုင်သည်)




**လူတွေကို သေခြင်းမှ သခင်ယေရှုသည် အဘယ်ကြောင့် ပြန်ရှင်စေနိုင်သနည်း။**

(အဖြေရရှိရန်ဆက်လက်ဖတ်ရှုပါ။)

# ခိုးသူနှစ်ဦးကြားတွင် သခင်ယေရှု ကားတိုင်တင်သတ်ခံရခြင်း

ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်ဟု မိန့်တော်မူ၏။ (လုကာ ၂၃း၄၃–ခ)

သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက် ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါ။ (လုကာ ၂၃း၄၂–ခ)




**“ခရစ်တော်သည် ကျွန်ုပ်တို့အတွက်အသေခံသည်” (ရောမ ၅း၈–ခ)**

# သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်

သခင်ယေရှု၌ လူဖခင်မရှိပါ။ သခင်ယေရှု၏မယ်တော်မာရိကို ယောသပ်မဆောင်နှင်းမီ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူ့အိပ်မက်၌ ပေါ်လာ၍ ပြောသည်မှာ "ဒါဝိဒ်၏သားယောသပ်၊ သင်၏ဇနီးမာရိကို ထိန်းသိမ်းရမည့်အခွင့်ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၏။ သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့်၊ ယေရှုဟူသော အမည်ဖြင့်မှည့်ရမည်" ဟုဆို၏။ ယခုအခါ အားလုံးပြည့်စုံခဲ့ချေပြီ။ ပရောဖက်များအားဖြင့် ထာဝရဘုရား မိန့်တော်မူသည်မှာ "ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဖွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား၊ 'ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်' ဟုဆိုလိုသတည်း" [မဿဲ ၁း၂၀(ခ)–၂၃]

အထက်ပါကျမ်းပိုဒ်များမှ ဖော်ပြသည်မှာ ဘုရားသခင်သည် သခင်ယေရှု၏ဖခမည်းတော်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်နှင့် ထာဝရဘုရားသခင်သည် တစ်လုံးတစ်ဝတည်းဖြစ်ပေသည်။ ကောလောသဲ ၂း၉ မှဖော်ပြသည်မှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ထာဝရဘုရားသခင်သည် သခင်ယေရှု၌ ကိုန်းဝပ်တည်တော်မူသည်။ ဘုရားဇာတိအပြည့်အဝရှိသောခန္ဓာတော်နှင့် သခင်ယေရှုအထဲ၌ ကိုန်းဝပ်တည်ရှိသည်။ သခင်ယေရှု၏ အခြားသောနာမည်တစ်ခုမှာ **နှုတ်ကပတ်တော်** ဖြစ်သည်။ ယောဟန် ၁း၁၄ ၌ဖတ်ရှုကြည့်လျှင် "နှုတ်ကပါတ်တော်သည် လူ့ဇာတိအဖြစ်ကိုခံယူ၍ --- ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍" ဟုတွေ့ရှိရပေသည်။ ထိုဖော်ပြချက်၌ သခင်ယေရှုသည် ခမည်းတော်နှင့် တစ်သဘောတည်းဖြစ်သည်။ ယောဟန် ၁၀း၃၀ တွင် သခင်ယေရှုက ရှင်းလင်းစွာမိန့်မြွက်သည်မှာ "ငါသည် ငါ့ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏" ဟုအဓိပ္ပါယ်ရပေသည်။ ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံရန်နှင့် ကျွန်ုပ်တို့ထံ ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်သည် လူ့ပုံသဏ္ဍာန်ကိုခံယူ၍ ကြွလာသည်မှာ မည်မျှလောက်အံ့ဩစရာ ကောင်းပါသနည်း။

လုကာ ၉း၃၅ တွင် သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု မိန့်တော်မူ၏။ "ဤသူကား၊ ငါ၏ချစ်သားပေတည်း။ သူ၏ စကားကို နားထောင်ကြလော့" ဟု မိုးတိမ်ကအသံတော်ဖြစ်လေ၏။ သခင်ယေရှုသည် ထာဝရဘုရားနှင့် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့ကိုလည်း ဘုရားသခင်၏သားအဖြစ်သို့ခံယူဖို့ အခွင့်အရေးကို ပေးထားပါသည်။ ယောဟန် ၅း၂၃ ၌ "လူအပေါင်းတို့သည်ခမည်းတော်ကိုရိုသေသည့်နည်းတူ၊ သားတော်ကို ရိုသေစေမည့်အကြောင်း၊ သားတော်ကိုမရိုသေသောသူသည်ကား၊ သားတော်ကိုစေလွှတ်တော်မူသော ခမည်းတော်ကို မရိုသေသောသူဖြစ်၏။"

# ကျွန်ုပ်အတွက်သခင်ယေရှုအသေခံတော်မူခဲ့သည်

**"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" (ယောဟန် ၃း၁၆)**

**"မည်သူမဆို"** ၏အနက်အဓိပ္ပါယ်မှာ သခင်ယေရှုကိုယုံကြည်သည့်တစ်စုံတစ်ဦး (သို့မဟုတ်) သင်လည်း ဖြစ်နိုင်သည်။ သင်၏အပြစ်မှသင့်ကိုကယ်တင်ဖို့ရန် လက်ဝါးကပ်တိုင်မှာ သခင်ယေရှုအသေခံသည်ကို သင်ယုံကြည်လျှင် သင်သည် ထာဝရအသက်ကို ရရှိပေလိမ့်မည်။ သခင်ယေရှုနှင့်အတူ ထာဝရအသက်ရှင်ရလိမ့်မည်။

ကျွန်ုပ်တို့၏အပြစ်များမှ ကျွန်ုပ်တို့ကိုကယ်တင်ဖို့ရန် သခင်ယေရှု၏အသွေးတော်သည် မည်မျှလောက် အရေးပါသည်ကို ရောမ ၅း၆–၁၁ ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။ "ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသောသူတို့အတွက်ကြောင့် အစေခံဝံ့သောသူ ရှိကောင်းရှိလိမ့်မည်မှန်စေတော့။ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည်

ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်နှုတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍မျှော်လင့်စရာရှိ၏။ အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော် အသေခံတော်မူခြင်းအားဖြင့် ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိဿဟာယဖွဲ့ပြီးမှ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟု သာ၍မျှော်လင့်စရာရှိ၏။ ထိုမျှမက၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် မိဿဟာယဖွဲ့ရာကျေးဇူးကို ယခုခံပြီးလျှင် ထိုသခင်အားဖြင့် ဘုရားသခင်၌ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။"

**၁ ပေတရု ၁း၁၈–၁၉** အရ "မိစဉ်ဘဆက်ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ ရွှေငွေအစရှိသော ဖောက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့" ဟု ပါရှိပေသည်။

## ကျွန်ုပ်တို့၏အပြစ်များမှနောင်တရသောအခါ သူတို့ကို ဘုရားသခင် ဘာလုပ်မည်နည်း။

၁။ **ဆာလံ ၁၀၃း၁၂** – "အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့် ဝေးသည်အတိုင်း ငါတို့အပြစ်များကို ငါတို့နှင့်ဝေးစေတော်မူ၏။"

၂။ **ဟေရှာယ ၁း၁၈(ခ)** – "သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှ နီသော်လည်း သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။"

၃။ **ယေရမိ ၃၁း၃၄(ခ)** – "ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲ နေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။"

**ဟေဗြဲ ၈း၁၂** – "ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။"

၄။ **မိက္ခာ ၇း၁၉** – "ကိုယ်တော်သည် အကျွန်ုပ်တို့ကို တစ်ဖန်သနား၍ အကျွန်ုပ်တို့၏ ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့်မည်။ အကျွန်ုပ်တို့၏ အပြစ်အလုံးစုံတို့ကို နက်နဲသောပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည်။"

**"ယေရှုသည် ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို ဝန်ခံသောသူမည်သည်ကား ဘုရားသခင်၌ တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌ တည်တော်မူ၏။" ၁ ယောဟန် ၄း၁၅**

ကောင်းကင်တမန်က “ဤအရပ်၌မရှိ၊ မိန့်တော်မူသည်အတိုင်း ပြန်ရှင်တော်မူပြီ” ဟု မိန့်တော်မူ၏။ (မဿဲ ၂၈း၆ – က)




## “သခင်ယေရှုသည်သေခြင်းမှထမြောက်ပြီ”

အို သေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အို မရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း။ ၁ ကောရိန္သု ၁၅း၅၅

# သခင်ယေရှုသည်သေခြင်းမှထမြောက်ပြီ

"ငါသည် ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။" ဗျာဒိတ် ၁း၁၈(ခ)

ဥပုသ်နေ့လွန်၍ ခုနစ်ရက်တွင် ပထမနေ့ရက် မိုးလင်းအံ့ဆဲဆဲအချိန်၌ မာဂဒလမာရိနှင့် အခြားသော မာရိသည် သင်္ချိုင်းတော်ကို အကြည့်အရှုသွားကြ၏။ ထိုအခါ မြေကြီးသည် ပြင်းစွာလှုပ်လေ၏။ အကြောင်းမူကား ထာဝရဘုရား၏ကောင်းကင်တမန်သည် ကောင်းကင်ဘုံမှဆင်းလာ၍ တွင်းဝ၌ပိတ်သော ကျောက်ကို လိမ့်လှန်ပြီးလျှင် ထိုကျောက်ပေါ်၌ ထိုင်နေ၏။ သူ၏မျက်နှာသည် လျှပ်စစ်ကဲ့သို့ထင်၏။ အဝတ်သည်လည်း မိုးပွင့်ကဲ့သို့ဖြူ၏။ လူစောင့်တို့သည် ကောင်းကင်တမန်ကို ကြောက်ရွံ့သဖြင့် တုန်လှုပ်၍ သေမတတ်ဖြစ်ကြ၏။ ကောင်းကင်တမန်ကလည်း "ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လက်ဝါးကပ်တိုင်မှာ သတ်သော ယေရှုကို သင်တို့ရှာကြသည်ကို ငါသိ၏။ ဤအရပ်၌မရှိ။ မိန့်တော်မူသည်အတိုင်း ပြန်ရှင်တော်မူပြီ။ လာကြ၊ သခင်လျောင်းတော်မူရာအရပ်ကို ကြည့်ကြလော့။ အလျင်အမြန်ပြန်သွား၍ သေခြင်းမှ ရှင်ပြန်တော်မူကြောင်းကို တပည့်တော်တို့အား ပြောကြလော့။ သင်တို့ရှေ့ ဂါလိလဲပြည်သို့ကြွတော်မူမည်။ ထိုပြည်၌ သင်တို့သည် ကိုယ်တော်ကို တွေ့မြင်ကြရလိမ့်မည်၊ ငါပြောပြီ" ဟု ထိုမိန်းမတို့အား ကောင်းကင်တမန် ဆို၏။ ထိုမိန်းမတို့သည်လည်း ကြောက်ရွံ့သဖြင့်၎င်း၊ အလွန်ဝမ်းမြောက်သဖြင့်၎င်း၊ သင်္ချိုင်းတော်မှ အလျင်အမြန်သွား၍ တပည့်တော်တို့အား ထိုသတင်းစကားကို ကြားပြောခြင်းငှာ ပြေးကြ၏။ လမ်းမှာသွားကြစဉ် ယေရှုသည် ကြိုဆိုတော်မူ၍ "သင်တို့အား မင်္ဂလာဖြစ်စေသတည်း" ဟု မိန့်တော်မူ၏။ ထိုမိန်းမတို့သည် ချဉ်းကပ်၍ ခြေတော်ကို ဖက်ယမ်းလျက် ပျပ်ဝပ်ကိုးကွယ်ကြ၏။ ယေရှုကလည်း "ကြောက်ရွံ့ခြင်းမရှိကြနှင့်၊ သွားကြလော့။ ငါ့ညီတို့သည် ဂါလိလဲပြည်သို့သွားစေခြင်းငှါ ဤသတင်းစကားကို ကြားပြောကြလော့။ ထိုပြည်၌ သူတို့သည် ငါ့ကို တွေ့မြင်ကြရလိမ့်မည်" ဟု မိန့်တော်မူ၏။ (မဿဲ ၂၈း၁–၁၀)

**ယေရှုကလည်း ငါသည် ပြန်ရှင်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကို ယုံကြည်၍ အသက်ရှင်သောသူ ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကို ယုံသလော။ ယောဟန် ၁၁း၂၅–၂၆**

# ကျွန်ုပ်တို့သည် အောင်မြင်သူများဖြစ်ရမည်

အောင်မြင်သောသူကို ဒုတိယသေခြင်းသည် မညှင်းဆဲရ။ ဗျာဒိတ် ၂း၁၁(ခ)

အောက်ပါကျမ်းချက်များကိုလေ့လာကြပါစို့။ အောင်မြင်သူဖြစ်ဖို့လျှို့ဝှက်ချက်အသီးသီးကို ကိုးကားနိုင်ရန် သမ္မာကျမ်းစာကို ဖတ်ရှုကြပါစို့။ စာရွက်လွတ်တစ်ရွက်ကို ယူပြီးလျှင် ကျမ်းပိုဒ်မှထွက်ပေါ်လာသော လျှို့ဝှက်ချက်အသီးသီးကိုချရေးပါ။

၂လက်မ၊ ၃လက်မ အရွယ်ရှိ ကဒ်ငယ်လေးများပြုလုပ်၍ တစ်ဖက်ကိုကျမ်းပိုဒ်များရေးပါ။ အခြားတစ်ဖက်ကို အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်ကို ရေးပါ။ အိပ်ရာဝင်ချိန်၊ နံနက်အိပ်ရာနိုးချိန်၊ ခရီးသွားစဉ်၊ အားလပ်ချိန်များတွင် ထိုကျမ်းပိုဒ်များကိုမှတ်မိအောင်ကျက်ပါ။ ၎င်းတို့က သင့်ကို အောင်မြင်မှုဖြစ်လာဖို့ ကူညီဝေငှပေးပါလိမ့်မည်။

# အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်

၁။ **ဝိညာဉ်ဆိုးကိုခုခံတွန်းလှန်ပါ။ ဘုရားသခင်ထံချဉ်းကပ်ပါ။**
ယာကုပ် ၄း၇–၈(က)၊ ဧဖက် ၆း၁၁၊ သုတ္တံ ၁၈း၁၀

၂။ **သင့်ဝိညာဉ်ကိုစောင့်ရှောက်ပါ။**
၁ ပေတရု ၅း၈၊ သုတ္တံ ၂၂း၁၊ ဆာလံ ၁၉း၁၄၊ ၁ ကောရိန္သု ၁၀း၁၂

၃။ **ဆုတောင်းပါ။**
ဟေရှာယ ၄၀း၃၁၊ ယာကုပ် ၅း၁၆၊ ၁ ယောဟန် ၅း၁၄၊
*လူတို့သည် အားမလျှော့ဘဲ ကြိုးစား၍ ဆုတောင်းရမည်။* လုကာ ၁၈း၁(ခ)

၄။ **သင့်အပေါ်မှာ သခင်ယေရှု၏အသွေးတော်လွှမ်းမိုးစေဖို့ တောင်းခံပါ။ သင်၏ သက်သေခံချက်ကိုထိန်းသိမ်းပါ။**
*သူတို့သည် သိုးသူငယ်၏ သွေးအားဖြင့်၄င်း၊ မိမိတို့သက်သေခံချက် နှုတ်ကပတ်တရားအားဖြင့်၄င်း အောင်မြင်၍ အသေခံသည်တိုင်အောင် ကိုယ့်အသက်ကို မနှမြောကြ။* ဗျာဒိတ် ၁၂း၁၁

၅။ **ခရစ်တော်အား သင်၏ဆန္ဒ၊ သင်၏ခန္ဓာကိုယ်ကို ပေးဆပ်ပါ။**
ရောမ ၁၂း၁၊ ၁ ရာဇဝင် ၂၉း၅(ခ)၊ ၁ သက်သာလောနိတ် ၅း၂၃၊ မာကု ၁၂း၃၀

၆။ **ဘုရားသခင်အလိုတော်ရှိသည်ကို သင်အားလုံးသိသည့်အတိုင်းလုပ်ဆောင်ပါ။**
၁ ယောဟန် ၁း၇၊ ၁ တိမောသေ ၄း၁၂၊ ၁ သက်သာလောနိတ် ၄း၃

၇။ **အကောင်းအားဖြင့် အဆိုးကိုအနိုင်ယူပါ။**
ရောမ ၁၂း၂၀၊ ၁ သက်သာလောနိတ် ၅း၁၅၊ မဿဲ ၅း၄၄၊ လုကာ ၆း၃၁

၈။ **အားလုံးကိုမေတ္တာပြပါ။**
ရောမ ၁၃း၉(ခ)–၁၀၊ ၁ ယောဟန် ၃း၁၄–၁၅၊ ရောမ ၁၃း၈၊ လုကာ ၆း၃၅

၉။ **အမှားကိုခွင့်လွှတ်ပါ။**
မာကု ၁၁း၂၅–၂၆၊ လုကာ ၂၃း၃၄၊ မဿဲ ၁၈း၂၁–၂၂၊ ဧဖက် ၄း၃၂
*ယေရှုကလည်း၊ အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော်မူပါ။* လုကာ ၂၃း၃၄

၁၀။ **ဂုဏ်တော်ချီးမွမ်းပါ။ ဝမ်းမြောက်ပါ။ ကျေးဇူးတော်ရေတွက်ပါ။**
ဆာလံ ၁၄၇း၁၊ ဆာလံ ၁၀၇း၁၊၂၁။ ဆာလံ ၅၀း၂၃၊ ဖိလိပ္ပိ ၄း၄

၁၁။ **ကောင်းသောအရာများကိုဆင်ခြင်ပါ။ ခရစ်တော်အပေါ်မှာ သင့်စိတ်ကို ဆောက်တည်ထားပါ။** ဖိလိပ္ပိ ၄း၇–၈၊ ဟေရှာယ ၂၆း၃

၁၂။ **စိတ်နှလုံးအကြွင်းမဲ့ဘုရားသခင်၌ကိုးစားပါ။**
နာဟုံ ၁း၇၊ ဆာလံ ၅၆း၁၁၊ သုတ္တံ ၃း၅၊ ၁ ယောဟန် ၅း၄

**"ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ယုံကြည်သောသူမှတစ်ပါး၊ အဘယ်သူသည် လောကကိုအောင်နိုင်သနည်း။" ၁ ယောဟန် ၅း၅**

# ခရစ်တော်သည် မုန့်ကိုချိုးဖဲ့၍ မိမိကိုယ်ကို ဖေါ်ပြသည်



“စားပွဲ၌ သူတို့နှင့်အတူ လျောင်းတော်မူစဉ်၊ မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ သူတို့အား ပေးတော်မူသည်တွင် သူတို့သည် မျက်စိပွင့်လင်း၍ ကိုယ်တော်ဖြစ်သည်ကို သိကြ၏။ ထိုအခါ ကိုယ်တော်သည် ကွယ်ပျောက်တော်မူ၏။” လုကာ ၂၄း၃၀–၃၁

**ခရစ်တော်သည် ဧမောက်ရွာ၌ တပည့်တော်တို့အား မုန့်ကိုချိုးဖဲ့၍ မိမိကိုယ်ကို ဖေါ်ပြပါသည်။**
**လုကာ၂၄း၁၃–၃၅**

# ခရစ်တော်သည် တပည့်တော်တို့အား ယေရုရှလင်မြို့၌ ကိုယ်ထင်ပြသည်

လုကာ ၂၄း၃၆–၃၉



“ထိုသို့ အချင်းချင်းပြောဆိုကြသောအခါ ယေရှုသည် သူတို့အလယ်၌ရပ်တော်မူလျက်၊ သင်တို့အား ငြိမ်သက်ခြင်း ဖြစ်စေသတည်းဟု မိန့်တော်မူ၏။ တပည့်တော်တို့သည် တစ္ဆေကို မြင်သည်ဟု စိတ်ထင်နှင့် ထိတ်လန့်ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။ ကိုယ်တော်ကလည်း အဘယ်ကြောင့် တုန်လှုပ်ခြင်းရှိကြသနည်း။အဘယ်ကြောင့် အထူးထူးအထွေထွေသော စိတ်ရှိကြသနည်း။ ငါ့လက်ကို ကြည့်ကြလော့။ ငါ့ခြေကိုလည်း ကြည့်ကြလော့။ ငါ့ကိုယ်ပင်ဖြစ်၏။ ငါ့ကို ကြည့်ရှုစမ်းသပ်ကြလော့။ ငါသည် သင်တို့မြင်သည်အတိုင်း အရိုးအသားနှင့် ပြည့်စုံ၏။ တစ္ဆေမည်သည်ကား ဤကဲ့သို့မပြည့်စုံဟု မိန့်တော်မူလျှက် လက်တော်၊ ခြေတော်တို့ကို တပည့်တော်တို့အား ပြတော်မူ၏။” လုကာ ၂၄း၃၆–၄၀

# ခရစ်တော်၌သာလျှင် ထာဝရအသက်ကို ကျွန်ုပ်တို့ မျှော်လင့်နိုင်သည်

ယေရှုက "ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။"

ယောဟန် ၁၄း၆(ခ)

ယေရှုက "ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။" ယောဟန် ၁၄း၁၉(ခ)



## သခင်ယေရှု၌ အနန္တတန်ခိုးစွမ်းအားရှိသည်

"ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။" မဿဲ ၂၈း၁၈(ခ)

"ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်သည် သွေးဆောင်တော်မမူလျှင်၊ အဘယ်သူမျှ ငါ့ထံသို့မလာနိုင်။ လာသောသူကို နောက်ဆုံးသောနေ့၌ ငါပြန်ရှင်စေမည်။" ယောဟန် ၆း၄၄

"ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်။" မဿဲ ၁၉း၂၆(ခ)

## ငါမှတစ်ပါး ကယ်တင်သောသခင်မရှိ။ ဟောရှာယ ၄၃း၁၁(ခ)

# ခရစ်တော်သည် သင့်ကိုထာဝရအသက်ပေးဖို့ ရှင်သန်နေသည်

“ငါမူကား သိုးတို့သည်အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်ဖြင့်ပြည့်စုံစေခြင်းငှါ လာသတည်း”
ယောဟန် ၁၀း၁၀(ခ)

“ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသူငယ်ကို ကြည့်လော့။”
ယောဟန် ၁း၂၉(ခ)

“သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏အိမ်သူ အိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။”
တမန်တော် ၁၆း၃၁(ခ)




**သင်ဘယ်နေရာမှာ ရှိသည်ကို ထာဝရဘုရား သိတော်မူ၏။**

“ထာဝရဘုရားသည် စုံလင်သော စေတနာစိတ်ရှိသော သူတို့ဘက်၌ ခိုင်ခံ့စွာနေခြင်းငှါ မြေကြီးတစ်ပြင်လုံးကို အနှံ့အပြား ကြည့်ရှုလျက်ရှိတော်မူ၏။” ၂ ရာဇဝင် ၁၆း၉(ခ)

**ကြောက်ရွံ့ခြင်းမရှိနှင့်။**

“အကျွန်ုပ်သည် ကြောက်ရွံ့သော အခါ ကိုယ်တော်၌ခိုလှုံပါမည်။”
ဆာလံ ၅၆း၃

“လူအပေါင်းတို့သည် သေလျက်နေကြသည်ဟူ၍၄င်း၊ အသက်ရှင်သောသူတို့သည် တစ်ဖန်ကိုယ့်အလိုသို့ လိုက်၍မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှပြန်ရှင်တော်မူသောသူ၏ အလိုသို့လိုက်၍ ရှင်စေမည် အကြောင်း လူအပေါင်းတို့အတွက်ကြောင့် အသေခံတော်မူသည်။” ၂ ကောရိန္သု ၅း၁၅

"အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့။" ယောရှု ၂၄း၁၅(က)
"သင်နှင့် သင်၏မျိုးနွယ်သည် သင်၏ဘုရားသခင် ထာဝရဘုရားကိုချစ်၍ စကားတော်ကို နားထောင်သဖြင့် အသက်ရှင်ခြင်းအကျိုးငှါ အသက်တရားကို ရွေးယူလော့။" တရားဟောရာကျမ်း ၃၀း၁၉(ခ)




**သင်မည်သည့်လမ်းကိုလိုက်မည်နည်း။**

ယေရှုခရစ်သည် ထာဝရအသက်လမ်းဖြစ်သည်။
စာတန်သည်နတ်ဆိုးဖြစ်ပြီး ထာဝရငရဲလမ်းဖြစ်သည်။

ခရစ်တော်သည်သူ့နောက်လိုက်ဖို့ အလိုတော်ရှိသည်။
စာတန်သည်သူ့နောက်လိုက်ဖို့ အလိုရှိသည်။

ယေရှုခရစ်သည် ကျွန်ုပ်တို့ကိုကယ်တင်ဖို့နှင့် ကောင်းကင်အိမ်တော်၌သူနှင့်အတူစံမြန်းဖို့ အလိုတော်ရှိသည်။
စာတန် နတ်ဆိုးသည် ကျွန်ုပ်တို့ကို ဖျက်ဆီးဖို့နှင့် ထာဝရငရဲ၌သူနှင့်အတူနေဖို့အလိုရှိသည်။

**ဤသူငယ်လေးသည် မှန်ကန်သောရွေးချယ်မှုကိုပြုသည်။**
**သူသည် ထာဝရအသက်ကိုအလိုရှိပါသည်။**

# ထာဝရအသက်ကို ကျွန်ုပ်တို့အလိုရှိလျှင် မည်သည့်အကြောင်းကြောင့်ဖြစ်စေ သခင်ယေရှုခရစ်တော်ကိုရွေးချယ်ရမည်

၁။ **"ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတခုမျှ ကောင်းကင်အောက် လူတို့တွင်မပေါ် မရှိ။"** *တမန်တော် ၄း၁၂* "ငါတစ်ပါးသည် ထာဝရဘုရားဖြစ်၍ ငါမှတစ်ပါး ကယ်တင်သော သခင်မရှိ။" *ဟေရှာယ ၄၃း၁၁*

၂။ **ခရစ်တော်သည် မည်သူ့ထံသို့မဆို လာမည်။** "ငါမူကား သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း။" *ယောဟန် ၁၀း၁၀(ခ)*

၃။ **ခရစ်တော်သည် ကျွန်ုပ်တို့ကိုချစ်တော်မူ၏။ ထို့အတွက်အသေခံတော်မူခဲ့သည်။** "သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ့်ကိုကိုယ် စွန့်တော်မူ၏။" *ဂလာတိ ၂း၂၀(ခ)* "ထိုသူငယ်တို့သည် သွေးသားနှင့် ဆက်ဆံကြသောကြောင့် ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကို အစိုးရသော သူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖွဲ့ဖျက်ဆီးခြင်းငှါ၄င်း၊ သေဘေးကိုကြောက်၍ တစ်သက်လုံး ကျွန်ခံရသောသူတို့ကို ကယ်လွှတ်ခြင်းငှါ၄င်း၊ ထိုသူငယ်တို့၏နည်းတူ သွေးသားကိုဆောင်ယူတော်မူ၏" *ဟေဗြဲ ၂း၁၄-၁၅*

၄။ **ကျွန်ုပ်တို့၏အပြစ်အတွက် ဘုရား၏အသွေးတော်သာလျှင် ရွေးနှုတ်ကယ်တင်နိုင်သည်။** "ထိုသားတော်၏သွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။" *ကောလောသဲ ၁း၁၄* "သွေးမသွန်းလောင်းဘဲအပြစ်လွှတ်ခြင်းမရှိ။" *ဟေဗြဲ ၉း၂၂(ခ)* "ထိုနည်းတူ ခရစ်တော်သည် လူများအပြစ်တို့ကိုခံခြင်းငှါ တစ်ခါတည်းကိုယ်ကိုပူဇော်ပြီးမှ နောက်တစ်ဖန် ထိုသခင်ကို မျှော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလို့ငှါ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတ္တံ့။" *ဟေဗြဲ ၉း၂၈* "ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည်အလင်း၌ကျင်လည်လျှင် အချင်းချင်းမိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍ ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။" *၁ ယောဟန် ၁း၇*

၅။ **ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူသော အရှင်ဖြစ်သည်။** "ထို့ကြောင့် အကြင်သူတို့သည် ယေရှုခရစ်အားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏ အမှုကို ကိုယ်တော်သည် စောင့်လျက် ကာလအစဉ် အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏" *ဟေဗြဲ ၇း၂၅* "သေခြင်းတရားသည် နောက်တစ်ဖန် ကိုယ်တော်ကို မအုပ်စိုးရသည်ကို ထောက်သော် ငါတို့သည်ခရစ်တော်နှင့်အတူသေလျှင် ထိုသခင်နှင့်အတူရှင်လိမ့်မည်ဟု သဘောရှိကြ၏" *ရောမ ၆း၉* "ထိုသခင်ယေရှုသည် ငါတို့အပြစ်ကြောင့် အပ်နှံခြင်းကိုခံတော်မူ၏။ ငါတို့သည် ဖြောင့်မတ်ခြင်း သို့ ရောက်မည်အကြောင်း ပြန်ရှင်တော်မူ၏။" *ရောမ ၄း၂၅*

၆။ **ခရစ်တော်သည် နေရာတစ်ခုကိုပြင်ဆင်ဖို့ရန်ကြွမြန်းခဲ့သည်။** "သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။" *ယောဟန် ၁၄း၂(ခ)*

၇။ **ထာဝရအသက်ကိုပိုင်ဆိုင်ရယူပြီး ရှင်ပြန်ထမြောက်ဖို့ရန် ကျွန်ုပ်တို့အထဲမှာ ခရစ်တော်၏ ဝိညာဉ်ကျိန်းဝပ်စေရမည်။** "ထိုမျှမက ယေရှုကို သေခြင်းမှ ပြန်ရှင်စေတော်မူသောဘုရားသည် သင်တို့ အထဲ၌ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့် သေတတ်သော သင်တို့၏ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်။" *ရောမ ၈း၁၁* "ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်သည် သွေးဆောင်တော်မမူလျှင် အဘယ်သူမျှ ငါ့ထံသို့မလာနိုင်။ လာသောသူကို နောက်ဆုံးသောနေ့၌ ငါပြန်ရှင်စေမည်။" *ယောဟန် ၆း၄၄* "ခရစ်တော်၏ ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့် မဆိုင်။" *ရောမ ၈း၉(ခ)*

၈။ **ခရစ်တော်သည် ကျွန်ုပ်တို့ကို အပြစ်မှကယ်လွှတ်နိုင်သောတန်ခိုးရှင်ဖြစ်သည်။**
"ထိုမိန်းမအားလည်း သင်သည် အပြစ်တို့နှင့် လွတ်လေပြီဟု မိန့်တော်မူ၏။" *လုကာ ၇း၄၈*
"အဘယ်စကားကို သာ၍ ပြောလွယ်သနည်း။ သင်၏အပြစ်ကို လွှတ်စေပြီဟု ပြောလွယ်သလော။ သင်ထ၍ လှမ်းသွားလော့ဟု ပြောလွယ်သလော။ လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့ သိစေခြင်းငှါ ထလော့။ ကိုယ့်အိပ်ရာကိုဆောင်၍ ကိုယ့်အိမ်သို့သွားလော့ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။" *မဿဲ ၉း၅-၆*
၉။ **ခရစ်တော်၌ သေခြင်းမရဏာတရားနှင့် ထာဝရငရဲ၏ တံခါးသော့တို့ကိုပိုင်စိုးသည်။**
"ငါသည် အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့် မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏။" *ဗျာဒိတ် ၁း၁၈*
၁၀။ **ခရစ်တော်သည် ကျွန်ုပ်တို့ကို တရားစီရင်မည့်သူဖြစ်သည်။** "လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်နည်းတူ သားတော်ကို ရိုသေစေမည်အကြောင်း ခမည်းတော်သည် ဘယ်သူကိုမျှ တရားစီရင်တော်မမူ။ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။ သားတော်ကို မရိုသေသောသူသည်ကား သားတော်ကိုစေလွှတ်တော်မူသော ခမည်းတော်ကို မရိုသေသောသူဖြစ်၏။" *ယောဟန် ၅း၂၂-၂၃*
၁၁။ **ခရစ်တော်ကိုယုံကြည်လက်ခံမှသာ ကယ်တင်ခြင်းခံရမည်ဖြစ်သည်။** "သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူပေါ်၌ ဘုရားသခင်၏အမျက်တော် တည်နေသည်ဟု ယောဟန်ဟောပြောလေ၏။" *ယောဟန် ၃း၃၆*
၁၂။ **ကျွန်ုပ်တို့၏ကုသိုလ်ကောင်းမှုကို ကြိုးစားအားထုတ်မှုဖြင့်မဟုတ်ဘဲ ခရစ်တော်အားဖြင့်သာလျှင် ကယ်တင်ခြင်းရရှိပေမည်။** "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ့်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။" *ဧဖက် ၂း၈-၉* [တိတု ၃း၄-၈ ကိုဖတ်ပါ။]

## ဘုရားသခင်ထံသို့သွားရာလမ်း၌ ကျရှုံးခဲ့လျှင် ခရစ်ယာန်များဘာလုပ်ကြမည်နည်း။

သင်၏ဝမ်းနည်းပူဆွေးမှုကို "ဆုတောင်းခြင်း" တည်းဟူသောမှန်ကန်သောနည်းလမ်းဖြင့် ဘုရားသခင်ထံ ပြောပြ၍ချဉ်းကပ်ပါ။ သင်၏ကျရှုံးမှုကို ဘုရားသခင်၏အသွေးတော်ထဲသို့ သွတ်သွင်းဖို့ရန်တောင်းခံပါ။ သင်ကျရှုံးခဲ့သောအရာကို နောက်တစ်ဖန် ဘယ်တော့မှမလုပ်မိစေရန် မစကူညီဖို့တောင်းခံပါ။ သင်သည် တစ်စုံတစ်ဦးကို မှားယွင်းခဲ့လျှင် ထိုပုဂ္ဂိုလ်မှခွင့်လွှတ်ပါရန် တောင်းပန်နိုင်ဖို့ ဘုရားသခင်ထံ အကူအညီတောင်းခံပါ။ တစ်စုံတစ်ဦးကို သင်သည် ထိခိုက်နာကျင်စေခဲ့လျှင် (သို့) မှားယွင်းစေခဲ့လျှင်၊ ပြုမိသမျှသောအရာအားလုံးအတွက် ဘုရားသခင်ရှေ့မှောက်မှာ ဝန်ချတောင်းပန်ရမည်။ ထိုအခါ သခင်ယေရှုသည် သင်၏ကျရှုံးမှုအား သန့်ရှင်းစင်ကြယ်စေလိမ့်မည်။ "ကိုယ့်အပြစ်တို့ကို ဖော်ပြ တောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။" *၁ ယောဟန် ၁း၉* "တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏။" *၁ ယောဟန် ၂း၁(ခ)* "ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့်လူတို့၏စပ်ကြားမှာ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။" *၁ တိမောသေ ၂း၅* "ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင် အချင်းချင်းမိဿဟာယဖွဲ့ခြင်းရှိကြသည် ဖြစ်၍ ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။" *၁ ယောဟန် ၁း၇*

# သခင်ယေရှုသည် ငါနှင့်အတူရှိတော်မူသောကြောင့်၊ ငါသည် မကောင်းမှုကို ကြောက်ရွံ့လိမ့်မည်မဟုတ်

ယေရှုက “ငါသည် သင့်ကိုမစွန့်၊ သင့်ကို အလျှင်းပစ်၍မထားဟု ကတိတော်ရှိ၏။” ဟေဗြဲ ၁၃း၅(ခ)




**ယေရှုက “ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်” ဟု တပည့်တော်တို့အား မိန့်တော်မူ၏။” မဿဲ ၂၈း၂၀(ခ)**

# “ထာဝရဘုရားသည် ငါ၏သိုးထိန်း ဖြစ်တော်မူ၏”

**ဆာလံ ၂၃**

**ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။ စိမ်းလန်းသော ကျက်စားရာအရပ်၌ ငါ့ကို အိပ်စေတော်မူ၏။ သာယာသောမြစ်နားသို့ လမ်းပြတော်မူ၏။ ငါ့ဝိညာဉ်ကို အားဖြည့်၍ နာမတော်အဖို့အလို့ငှါ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။ အကယ်၍ သေမင်း၏အရိပ် လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်ဖြစ်၍ လှံတံတော်နှင့် တောင်ဝှေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏။ အကျွန်ုပ်၏ ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဖို့ စားပွဲကို ခင်းတော်မူ၏။ အကျွန်ုပ်၏ခေါင်းကို ဆီနှင့်လိမ်းတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။ အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့် ကရုဏာတော်ကို တစ်သက်လုံးခံစား၍ ထာဝရဘုရား၏အိမ်တော်မှာ အစဉ်အမြဲ နေရပါလိမ့်မည်။**

**ဒါဝိဒ်မင်း၏ဆာလံကျမ်း။**

## “အရိပ်လွှမ်းမိုးသောချိုင့်ဝှမ်း”

ဟောဟန်အမည်ရှိလူငယ်လေးသည်ဆာလံ(၂၃) အားဖြင့်မိမိစိတ်နှလုံးကို သွန်သင်ခံရသည်။ သူသည် ဤစကားစုကို အလွန်နှစ်သက်ပေသည်။ “အကယ်၍၊ သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်သွားရသော်လည်း ဘေးအန္တရယ်ကိုမကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်။” ၄င်းအချက်ကို သူသည် ကောင်းစွာသိရှိခံစားရသည်။ သူ့၌မည်သည့်အရာဖြစ်ဖြစ် ကိစ္စမရှိပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည်သူနှင့်အတူရှိပေသည်။

တစ်နေ့သ၌ ယောဟန်နှင့်သူ၏ဖခင်တို့ လမ်းလျှောက်ထွက်ကြသည်။ ကောင်းကင်မှထွက်ပြူစနေရောင်ခြည်သည် သစ်ပင်များကြားမှ ဖြတ်လျှက် သူတို့လျှောက်ရာလမ်းပေါ်သို့ဖြာကျနေသည်။

သူ၏ဖခင်က “ဟောဟန်၊ ရှေ့ကသစ်ပင်ကြီးကိုကြည့်ပါဦး။ ၄င်းကကြီးမားတဲ့အရိပ်ကိုပေးနေတယ်။ မကြာမီ ငါတို့ ထိုအရိပ်ကို ဖြတ်လျှောက်သွားကြရမယ်။ ဒီအရိပ်က မည်သည့်နာကျင်ထိခိုက်မှုမျိုးမှမပေးနိုင်ဘူး။ ဒါပေမယ့် ဒီသစ်ပင်က ငါတို့အပေါ်ပိကျလျှင် သေနိုင်တယ်။ ဒီတော့ ဒီသစ်ပင်ကြီး ကိုယ့်ပေါ်ပိကျတာကိုခံချင်သလား (သို့) သစ်ပင်ရဲ့အရိပ် ကိုယ့်ပေါ်ပိကျတာကိုခံချင်သလား” ဟု မေးလေသည်။

ယောဟန်က “အရိပ်ပေါ့၊ အဖေရယ်။ အရိပ်က ကျွန်တော့်ကို ထိခိုက်နာကျင်မှုမပေးနိုင်ဘူး။ ဒါပေမယ့် သစ်ပင် ကျွန်တော့်အပေါ်ကျလျှင်၊ ကျွန်တော် သေနိုင်တယ်” ဟုပြန်ဖြေသည်။

ယောဟန်သည် သူအနှစ်ခြိုက်ဆုံးဖြစ်သော ဆာလံ ၂၃ ထဲမှ ကျမ်းပိုဒ်ကိုဆင်ခြင်မိသည်။ “သေမင်း၏အရိပ် လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်သွားရသော်လည်း ဘေးအန္တရယ်ကိုမကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်” အားလုံးကောင်းမွန်သည်ဟု သူခံစားရသည်။ သခင်ယေရှုသည် သေခြင်းတရားနှင့် ထာဝရငရဲကိုအောင်နိုင်သည်ဟု သူလေးလေးနက်နက်ယုံကြည်ပေသည်။ သေဆုံးချိန်ရောက်လာသောအခါ၊ သေခြင်း တရား၏ အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်ရခြင်းဖြစ်သည်။ ထိုအရိပ်သည် သူ့ကိုထိခိုက်နိုင်စွမ်းမရှိပေ။ သေခြင်း တရားနှင့်ထာဝရငရဲသည် သူ့ထံသို့မချဉ်းကပ်နိုင်ပေ။ ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ၊ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူသည်။

သင်၏ကယ်တင်ရှင်အဖြစ် ခရစ်တော်ကို ယုံကြည်ကိုးစားခဲ့လျှင်၊ သင်သည်လည်း သေမင်းအရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ လျှောက်သွားရသောအခါ သင်နှင့်အတူရှိသည်ကို သိလာရလိမ့်မည်။

ရိုစ့်ဂွဒ်မန်း (Rose Goodman)

“ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည် မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ငါတို့သည် မြင်ရကြလတံ့။” ၁ ယောဟန် ၃း၂

ယေရှုခရစ်တော်သည်မနေ့တုံးကပြုလုပ်ခဲ့သလို ယနေ့မှာလည်းပြုလုပ်နိုင်သည်။ ယနေ့ ကိုယ်တော်ပြုလုပ်သည့် အရာများကို ကာလအစဉ်အမြဲ ပြုလုပ်နိုင်ပါသည်မိတ်ဆွေ။

“ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလအစဉ်အမြဲ မပြောင်းမလဲနေတော်မူ၏။” ဟေဗြဲ ၁၃း၈

# “လူအားလုံးသည် ဘုရားသခင်၏သားသမီးများ မဟုတ်ပါလော”

“ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကို မကျင့်သောသူ၊ မိမိညီအစ်ကိုကို မချစ်သောသူမည်သည်ကား ဘုရားသခင်နှင့်မဆိုင်။” ၁ ယောဟန် ၃း၁၀




“ဆိတ်” ဆိုသည့်လူများမှာ အားနည်းမှားယွင်းသော အပြုအမူများနှင့် နောင်တမရသေးသောသူများ ဖြစ်ကြပါသည်။

## သခင်ယေရှု နောက်တစ်ဖန်ပြန်ကြွလာသောအခါ၊ ဆိတ်များမှ သိုးများကိုခွဲခြားလိမ့်မည်

**သိုး**

ယေရှုက "ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ (ယောဟန် ၁၀း၂၇)

**မဿဲ ၂၅း၃၁–၄၀**

"လူသားသည် မိမိဘုန်းအာနုဘော်ကို ဆောင်လျက် သန့်ရှင်းသော ကောင်းကင်တမန်များ အခြံအရံတို့နှင့်တစ်ကွ ကြွလာတော်မူသောအခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာ ထိုင်၍ ရှေ့တော်၌ လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့် သိုးထိန်းသည် သိုးနှင့် ဆိတ်တို့ကို တစ်ခြားစီခွဲထားသကဲ့သို့ လူအပေါင်းတို့ကို သီးခြားခွဲ၍ သိုးတို့ကိုလက်ျာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတံ့။ ထိုအခါ လက်ျာတော်ဘက်၌ ရှိသောသူတို့အား မင်းကြီးက ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကို ခံသောသူတို့ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။ အကြောင်းမူကား ငါသည် မွတ်သိပ်သောအခါ သင်တို့သည်ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဖို့ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကို ပြုကြ၏။ ငါသည် အဝတ် အချည်းစည်း ရှိသောအခါ သင်တို့သည် အဝတ်နှင့် ဖုံးလွှမ်းကြ၏။ ငါသည် အနာရောဂါစွဲသောအခါ သင်တို့သည် ကြည့်ရှုပြုစုကြ၏။ ငါသည် ထောင်ထဲမှာ နေရသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏ ဟု မိန့်တော်မူလျှင် ဖြောင့်မတ်သောသူတို့က သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူသည်ကို ဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကိုသောက်ဖို့ပေးပါသနည်း။ ဧည့်သည်ဖြစ်တော်မူသည်ကို ဘယ်အခါ၌ကျွန်ုပ်တို့သည်မြင်၍ ဧည့်သည်ဝတ်ကိုကိုယ်တော်အား ပြုပါသနည်း။ အဝတ်အချည်းစည်းရှိတော်မူသည်ကို ဘယ်အခါ၌ကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို အဝတ်နှင့်ဖုံးလွှမ်းပါသနည်း။ ရေငတ်တော်မူသည်ကို ဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို အဝတ်နှင့်ဖုံးလွှမ်းပါသနည်း။ အနာစွဲတော်မူသည်ကိုငှင်း၊ ထောင်ထဲမှာနေတော်မူသည်ကိုငှင်း၊ ဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ အထံတော်သို့ရောက်ပါသနည်းဟု ပြန်၍လျှောက်ကြသော် မင်းကြီးက ငါအမှန်ဆိုသည်ကား သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍ မိန့်တော်မူလတံ့။"

**သင်သိရှိပြီးပြီလား၊**

၁။ ထိုသူတို့သည်တိုင်းနိုင်ငံအသီးသီးမှသိုးများဖြစ်လိမ့်မည်။

ဤသိုးခြံသို့မဝင်သော အခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကိုနားထောင်သဖြင့် သိုးခြံတစ်ခု၊ သိုးထိန်းတစ်ပါးလည်း ရှိရလိမ့်မည်။" (ယောဟန် ၁၀း၁၆) "ကိုယ်တော်သည် အသေသတ်ခြင်းကို ခံတော်မူသောအားဖြင့် အသီးအသီး ဘာသာစကားကိုပြောသော လူမျိုးနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍ အသွေးတော်နှင့် ဘုရားသခင်အဖို့ ရွေးနှုတ်တော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကိုခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ဟု အသစ်သောသီချင်းကိုသီ၍ လျှောက်ဆိုကြ၏။ (ဗျာဒိတ် ၅း၉) (ဗျာဒိတ် ၇း၉–၁၇ ကိုဖတ်ပါ။)

၂။ ထိုသိုးတို့သည် နောင်တရသောသူ၊ ခရစ်တော်၌ကိုးစားသောသူ၊ အသွေးတော်ဖြင့် ဆေးကြောခံရ သူများ၊ ဘုရားရှင်အလင်းတော်အောက်တွင် လျှောက်လှမ်းသူများဖြစ်ကြသည်။

"ငါတို့ကိုချစ်၍ မိမိသွေးနှင့်ငါတို့အပြစ်များကို ဆေးကြောတော်မူ၏။" [ဗျာဒိတ် ၁း၅(ခ)] (၁ ကောရိန္သု ၆း၉–၂၀ ကိုဖတ်ပါ။) "ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည်အလင်း၌ကျင်လည်လျှင် အချင်းချင်းမိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍ ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။" (၁ ယောဟန် ၁း၇)

## ဆိတ်

**မဿဲ ၂၅း၃၁–၄၆** "ထိုအခါ လက်ဝဲတော်လက်၌ရှိသောသူတို့အား မင်းကြီးက ကျိန်ခြင်းကိုခံရသောသူတို့ မာရ်နတ်နှင့်သူ၏တမန်တို့အဖို့ ပြင်ဆင်သော ထာဝရမီးထဲသို့ ငါ့ထံမှခွာသွားကြလော့။ အကြောင်းမူကား ငါသည်မွတ်သိပ်သောအခါ သင်တို့သည်မကျွေး၊ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဖို့မပေး။ ငါသည်ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကိုမပြု။ ငါသည် အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည်အဝတ်နှင့်မဖုံးလွှမ်း။ ငါသည် အနာရောဂါစွဲသောအခါ၌၄င်း၊ ထောင်ထဲမှာနေရသောအခါ၌၄င်း၊ သင်တို့သည် မကြည့်ရှု မပြုစုကြဟု မိန့်တော်မူလျှင် ထိုသူတို့က သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူခြင်း၊ ရေငတ်တော်မူခြင်း၊ ဧည့်သည်ဖြစ်တော်မူခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ အနာစွဲတော်မူခြင်း၊ ထောင်ထဲမှာနေတော်မူခြင်းတို့ကို အကျွန်ုပ်တို့သည် ဘယ်အခါ၌မြင်၍ ကိုယ်တော်ကို မပြုစုမလုပ်ကျွေးဘဲနေပါသနည်းဟု ပြန်၍လျှောက်ကြသော် မင်းကြီးက ငါအမှန်ဆိုသည်ကား သင်တို့သည် ဤသူတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား မပြုသမျှတို့ကို ငါ့အားမပြုကြပြီဟု ပြန်၍မိန့်တော်မူလတ့ံ။ ထိုသူတို့သည် ထာဝရပြစ်ဒဏ်ကိုခံရာသို့၄င်း၊ ဖြောင့်မတ်သောသူတို့မူကား ထာဝရအသက်ရှင်ရာသို့၄င်း သွားရကြလတ့ံဟု မိန့်တော်မူ၏။"

**ယာကုပ် ၄း၁၇** "ထို့ကြောင့် ကောင်းသောအကျင့်ကိုသိလျက် မကျင့်ဘဲနေသောသူသည် အပြစ်ရှိ၏။" "ကျေးဇူးကိုခံသင့်သောသူတို့အား ကျေးဇူးပြုရသောအခွင့်ရှိလျှင် မပြုဘဲမနေနှင့်။" (သုတ္တံ ၃း၂၇) "သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။" (မဿဲ ၇း၂၁)

ဂလာတိ ၅း၁၉–၂၁ "ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတစ်ပါးကို ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်း ကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူ့အသက်ကို သတ်ခြင်း၊ ယစ်မျိုးကိုသောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သောအကျင့်ပေတည်း။ ထိုသို့သောအကျင့်ကိုကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြဟု အထက်ကငါပြောနှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏။" "မိမိညီအစ်ကိုကို မုန်းသောသူမည်သည်ကား၊ လူ့အသက်ကိုသတ်သောသူဖြစ်၏။ လူ့အသက်ကို သတ်သောသူတစ်စုံတစ်ယောက်၌မျှ ထာဝရအသက်မတည်သည်ကို သင်တို့သိကြ၏။" (၁ ယောဟန် ၃း၁၅)

**ဗျာဒိတ် ၉း၂၀–၂၁** "ထိုဘေးဒဏ်ကြောင့်မသေဘဲ ကြွင်းသောသူတို့သည် နတ်တို့ကို၄င်း၊ မမြင်နိုင်၊ မကြားနိုင်၊ မသွားလာနိုင်သော ရွှေရုပ်တု၊ ငွေရုပ်တု၊ ကြေးနီရုပ်တု၊ ကျောက်ရုပ်တု၊ သစ်သားရုပ်တုတို့ကို၄င်း မကိုးကွယ်ဘဲနေခြင်းငှါ ကိုယ်လက်နှင့်လုပ်သောအရာများကို နောင်တမရဘဲနေကြ၏။ ကိုယ်ကျင့်သောအကျင့်တည်းဟူသော လူ့အသက်ကိုသတ်ခြင်း၊ သူတစ်ပါးကိုပြုစားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ အမှုများကိုလည်း နောင်တမရဘဲနေကြ၏။"

**ဗျာဒိတ် ၂၁း၈** "ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံရှာဖွယ်သောသူ၊ လူ့အသက်ကိုသတ်သောသူ၊ မတရားသောမေထုန်၌မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သောသူအပေါင်းတို့မူကား ဒုတိယသေခြင်းတည်းဟူသော ကန့်နှင့်လောင်သောမီးအိုင်ထဲ၌ မိမိတို့အဖို့ကို ရကြလိမ့်မည်ဟူ၍၄င်း ငါ့အားမိန့်တော်မူ၏။"

**"ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ပြီဟု ဆိုလျက်ပင် မှောင်မိုက်၌ကျင်လည်လျှင် သစ္စာတရားကိုမကျင့်၊ မုသာကိုသုံးသောသူဖြစ်ကြ၏။" ၁ ယောဟန် ၁း၆**

**"အကြင်သူ၏အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှါ သင်တို့ဝင်၍ အစေခံ၏။ ထိုသူသည် သေခြင်းနှင့်ယှဉ်သော အပြစ်တရားဖြစ်စေ၊ ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်ယှဉ်သော နားထောင်ခြင်းတရားဖြစ်စေ သင်တို့၏သခင်ဖြစ်၏" ရောမ ၆း၁၆(ခ)** [တရားဟော ၁၈း၁၀–၁၂(ခ) ကိုလည်းဖတ်ပါ]

**"သို့ဖြစ်လျှင် ထိုပရောဖက်တို့၏အကျင့်ကိုထောက်သော် သူတို့၏သဘောကို သိရကြလိမ့်မည်။" မဿဲ ၇း၂၀**

# လာဇရုသေလွန်သောအခါ သူ့ကိုကောင်းကင်တမန်များက ချီဆောင်သွားကြသည်

(လုကာ ၁၆း၂၀၊၂၂)



**ဘုရားသခင်၌ ကျွန်ုပ်တို့အတွက် အံ့ဩလောက်ဖွယ်ရာများစွာရှိပေသည်**

“ဘုရားသခင်ကို ချစ်သောသူတို့အဖို့အလို့ငှါ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူ့မျက်စိဖြင့် မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး။” (၁ ကောရိန္သု ၂း၉–၁၀) “ငါ့ပညတ်တို့ကိုရ၍ စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်။” (ယောဟန် ၁၄း၂၁) “ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်းအများရှိ၏။ … သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။” (ယောဟန် ၁၄း၂)

# သူဋ္ဌေးကြီးသေပြီးနောက် သူသည် ငရဲအိုင်ထဲမှမော့ကြည့်သည်

(လုကာ ၁၆း၂၃)



“သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။” လုကာ ၁၃း၃–၈

# ငရဲသည် ညှင်းပန်းနှိပ်စက်ခြင်းဝေဒနာကို ခံစားရသောနေရာဖြစ်သည်

**(အောက်ပါ လုကာ ၁၆း၁၉–၂၆ ကျမ်းချက်ကိုဖတ်ပါ)**

## သူဌေးကြီးတစ်ဦးနှင့် လာဇရုပုံပြင်ကို ကျွန်ုပ်တို့အား သခင်ယေရှုမိန့်မြွက်ခဲ့သည်

"တစ်ဖန်တုံ၊ သူဌေးတစ်ယောက်သည် နီမောင်းသောကမ္ဗလာနှင့် ပိတ်ချောကိုဝတ်ဆင်၍ ကာမဂုဏ်စည်းစိမ်၌ နေ့တိုင်းပျော်မွေ့လျက်နေ၏။ လာဇရုအမည်ရှိသော သူဆင်းရဲတစ်ယောက်သည် တစ်ကိုယ်လုံး၌ အနာစိမ်းပေါက်၍ သူဌေး၏စားပွဲမှကျသော စားနုပ်စားပေါက်ကို စားပါရစေဟု တောင့်တသောစိတ်နှင့် သူဌေးအိမ်တံခါးနားတွင် တုံးလုံးနေ၏။ ခွေးတို့သည် လာ၍ အနာစိမ်းများကို လျက်ကြ၏။ တစ်နေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်းသေလွန်၍ သင်္ဂြိုဟ်ခြင်းကိုခံရလေ၏။ မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကို ခံရလျက် မျှော်ကြည့်၍ အာဗြဟံကိုငှင်း၊ အာဗြဟံ၏ရင်ခွင်၌ လာဇရုကိုငှင်း အဝေးကမြင်လျှင်၊ အိုအဘအာဗြဟံ၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသောကြောင့် လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှါ သူ့ကို အကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။ အာဗြဟံကလည်း၊ ငါ့သား၊ သင်သည် အသက်ရှင်စဉ်အခါက ချမ်းသာရသည်ကိုငှင်း၊ လာဇရုသည် ဆင်းရဲစွာနေရသည်ကိုငှင်း အောက်မေ့လော့။ ယခုမူကား သူသည် သက်သာခြင်းရှိ၏။ သင်သည် ဒုက္ခဝေဒနာကို ခံရ၏။ ထိုမှတစ်ပါး ငါတို့နှင့်သင်တို့စပ်ကြား၌ အလွန်နက်လှသော ချောက်ကြီးတည်လျက်ရှိ၏။ ထို့ကြောင့် ဤအရပ်မှ သင်တို့ရှိရာသို့ ကူးချင်သောသူမကူးနိုင်။ ထိုအရပ်မှ ငါတို့ရှိရာသို့ ကူးချင်သောသူလည်း မကူးနိုင်ဟုဆို၏။" (လုကာ ၁၆း၁၉–၂၆)

**"ထို့ကြောင့်၊ ကောင်းသောအကျင့်ကို သိလျက် မကျင့်ဘဲနေသောသူသည် အပြစ်ရှိ၏။"**
**(ယာကုပ် ၄း၁၇)**

# ငရဲဆိုသည်မှာ ထာဝရမီးအိုင်ထဲသို့ ချပစ်ခံရခြင်းဖြစ်သည်

"သူတို့ကို လှည့်ဖျားသော မာရ်နတ်ကိုလည်း သားရဲနှင့်မိစ္ဆာပရောဖက်ရှိရာ ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ ချပစ်လျှင်၊ သူတို့သည် နေ့ညဉ့်မပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသောဝေဒနာကို ခံရကြလတံ့။ တစ်ဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုငှင်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကိုငှင်း ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာတော်ရှေ့မှ ပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များကို ဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသောစာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏။ သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကို အပ်ပေး၏။ မရဏာနှင့် မရဏာနိုင်ငံသည်လည်း မိမိတို့၌ရှိသော လူသေတို့ကို အပ်ပေးကြ၏။ လူအသီးသီးတို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကိုခံရကြ၏။ ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း။ အသက်စာစောင်၌ စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။" (ဗျာဒိတ် ၂၀း၁၀–၁၅)

# ဆိုးညစ်မိုက်မဲသောသူတို့၏ ထာဝရနေရာဆိုသည်မှာ အဘယ်နေရာနှင့် တူသနည်း

**၁။ ငိုကြွေးခြင်း၊အံသွားခဲကြိတ်ခြင်းရှိရာအရပ်နှင့်အမှောင်ဆုံးသောနေရာတစ်ခုဖြစ်သည်။**

"သို့မဟုတ်မူကား အကြင်ကျွန်ဆိုးက ငါ့အရှင်လာခဲလိမ့်မည်ဟု စိတ်ထဲအောက်မေ့သည်နှင့်၊ ကျွန်ချင်းတို့ကို ရိုက်ပုတ်လျက် သေသောက်ကြူးသောသူတို့နှင့်တစ်ကွ စားသောက်လျက်နေ၏။ ထိုကျွန်မကြည့်မမျှော်သောနေ့ရက်၊ မကြားမသိသောအချိန်နာရီ၌ သခင်သည်ရောက်လာလျှင် ထိုကျွန်ကိုပြင်းပြစွာကွပ်မျက်ဆုံးမ၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာအရပ်၌ ဟန်ဆောင်တတ်သောသူတို့နှင့် တစ်ကွ နေရချလတံ့။" (မဿဲ ၂၄း၄၈–၅၁) "လူသားသည် မိမိကောင်းကင်တမန်တို့ကို စေလွှတ်ပြီးလျှင် မှားယွင်းစေသောသူတို့နှင့် မတရားသောအမှုကို ပြုသောသူရှိသမျှတို့ကို နိုင်ငံတော်ထဲက ရွေးနှုတ်၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ ချကြလတံ့။" (မဿဲ ၁၃း၄၁–၄၂) ထို့အတူ မဿဲ ၂၅း၃၀ မှာလည်းပြောသည်မှာ "သုံးမရသော ထိုငယ်သားကို ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ ပြင်အရပ်မှောင်မိုက်ထဲသို့ နှင်ထုတ်ချလိုက်ကြဟု စီရင်တော်မူ၏။"

**၂။ ထိုသူတို့ကို ညှင်းဆဲသောမီးခိုးသည် ကမ္ဘာအဆက်ဆက်တက်လျှက်ရှိသောနေရာဖြစ်သည်။**

"ထိုညှင်းဆဲခြင်း၏မီးခိုးသည် ကမ္ဘာအဆက်ဆက် တက်လျက်ရှိ၏။ သားရဲနှင့် သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏နာမတံဆိပ်လက်မှတ်ကို ခံသောသူတို့သည် နေ့ညဉ့်မပြတ် သက်သာမရကြဟု လိုက်၍ကြီးသောအသံနှင့် ပြောဆို၏။" (ဗျာဒိတ် ၁၄း၁၁)

"ထိုသူတို့သည် ထာဝရပြစ်ဒဏ်ကို ခံရာသို့၎င်း သွားရကြလတံ့။" (မဿဲ ၂၅း၄၆–က)

**၃။ ဒုတိယသေခြင်းသည် မီးငရဲအိုင်၌ချထားခံရခြင်းဖြစ်သည်။**

"အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။"
(ဗျာဒိတ် ၂၀း၁၅)

"ပိုးမသေ၊ မီးမငြိမ်းရာငရဲမီးထဲသို့ မျက်စိနှစ်ဖက်စုံနှင့် ချခြင်းကိုခံရသည်။" (မာကု ၉း၄၈)

**ဒုစရိုက်ကိုပြုသမျှသောသူတို့သည် ဒုစရိုက်၏ကျွန်ဖြစ်ကြသည်။ ယောဟန် ၈း၃၄–ခ**

"အကြောင်းမူကား တရားနာသောသူသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သည်မဟုတ်။
တရားကိုကျင့်သောသူသာလျှင် ဖြောင့်မတ်ရာသို့ရောက်လိမ့်မည်။" ရောမ ၂း၁၃

"ဤမျှလောက်ကြီးစွာသော ကယ်တင်တော်မူခြင်းတရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်
ပြစ်ဒဏ်နှင့်အဘယ်သို့ လွတ်ကြလိမ့်မည်နည်း။" ဟေဗြဲ ၂း၃–က

# ဤသူသည် သူ၏ဝိညာဉ်ကိုမေ့လျော့ပြီး လက်ရှိဘဝကိုသာလျှင် တွေးတောဆင်ခြင်သည်

"လူသည် တစ်ခါတည်းသာသေ၍ ထို့နောက်မှ
တရားစီရင်တော်မူခြင်းကို ခံရမည်။" ဟေဗြဲ ၉း၂၇ ခ



"ထိုသို့ အကြံရှိစဉ်တွင် ဘုရားသခင်က အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကို ရုပ်သိမ်းရာအချိန် ရောက်လိမ့်မည်။ သို့ဖြစ်၍ သင်သည် ပြင်ဆင်သိုထားသောဥစ္စာကို ဘယ်သူပိုင်မည်နည်းဟု သူ့ဒွေးအား မိန့်တော်မူ၏။" (လုကာ ၁၂း၂၀) (လုကာ ၁၂း၁၆–၂၁ ကိုဖတ်ပါ)

"သံချေး၊ ပိုးရွမဖျက်ဆီး၍ သူခိုးမထွင်းမဖောက်မခိုးယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူးကြလော့"
မဿဲ ၆း၂၀

# ဘဝသည် တိုတောင်းလှပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုဦးစားပေးရှာဖွေရမည်

ကျွန်ုပ်တို့၏နေ့ရက်များသည်မြက်ပင်နှင့်ပန်းပွင့်များကဲ့သို့ဖြစ်ပြီး မကြာမီပျောက်ကွယ်ရပေမည်။
(ဆာလံ ၁၀၃း၁၅-၁၆)




"ယခု အသက်ပျိုစဉ်အခါပင်
သင့်ကို ဖန်ဆင်းတော်မူသောအရှင်ကို
အောက်မေ့လော့။" (ဒေသနာကျမ်း ၁၂း၁-က)

"တွေ့နိုင်သည်ကာလတွင် ထာဝရဘုရားကို ရှာကြလော့။ နီးတော်မူသည် ကာလတွင် ဆုတောင်းပဌနာပြုကြလော့။" ဟေရှာယ ၅၅း၆

"လူတို့၏ နေ့ရက်ကာလသည် မြက်ပင်ကဲ့သို့ဖြစ်၏။ လူသည် လယ်ပြင်၌ရှိသော ပန်းပွင့်ကဲ့သို့ ပွင့်တတ်၏။ လေသည်လွန်သွားလျှင်အပွင့်ပျောက်၍ သူ၏နေရာသည် နောက်တစ်ဖန် သူ့ကိုမသိရာ။"
ဆာလံ ၁၀၃း၁၅-၁၆

# ခရစ်တော်သည် သင်၏စိတ်နှလုံးတံခါးကို ခေါက်နေသည်



သခင်ယေရှုမိန့်တော်မူသည်မှာ–
"ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။
အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။
ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။
သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။"
(ဗျာဒိတ် ၃း၂၀)

"ခရစ်တော်သင်တို့အထဲ၌
တည်ခြင်းသည် ဘုန်းအသရေ
ကို မျှော်လင့်ခြင်းအကြောင်း
တည်း။"
ကောလောသဲ ၁း၂၇–ခ

"ထိုသူကို လက်ခံသမျှတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။" ယောဟန် ၁း၁၂

"ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။" ယေရမိအနာဂတ္တိ ၂၉း၁၃

**ကျွန်ုပ်တို့၏စိတ်နှလုံး၌ ခရစ်တော်ရှိလျှင် သေလွန်သော အခါ ကျွန်ုပ်တို့ကယ်တင်ခြင်းခံရပေမည်။**

သင်၏အပြစ်အားလုံးမှလွတ်စေဘို့ရန် သခင်ယေရှုကို တောင်းခံလိုလျှင်၊ သခင်ယေရှုခရစ်ကိုသင်၏ ကယ်တင်ရှင်အဖြစ်လက်ခံယုံကြည်ပြီး အောက်ပါမျဉ်းကြောင်းပေါ်၌သင်၏ နာမည်ကိုရေးချပါ။

____________________________________________

# ယေရှုထံသို့လာပါ။ သူသည် သင်၏အပြစ်များကို ဖြေလွှတ်လိမ့်မည်

**"ယေရှုခရစ်အားဖြင့် ဘုရားသခင့်အထံတော်သို့ချဉ်းကပ်ကြသူတို့၏အမှုကို ကိုယ်တော်သည် အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏။" ဟေဗြဲ ၇း၂၅ က**

**"ငါ့ထံသို့လာသောသူကို ငါသည် အလျှင်းမပယ်။" ယောဟန် ၆း၃၇-ခ**

**"ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၄င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၄င်း ပြည့်စုံတော်မူ၏။"**
**၁ ယောဟန် ၁း၉**



**သခင်ယေရှုကိုရှာတွေ့နိုင်ရန်အဆင့်များ**

**၁။ နောင်တရပါ။** သင်၏အပြစ်များအတွက် ဝမ်းနည်းခြင်းရှိပါ။ "နောင်တ" ၏အဓိပ္ပါယ်မှာ "စွန့်ပယ်ဖို့လုံလောက်သော ဝမ်းနည်းကြေကွဲခြင်းရှိဖို့ရန်" ဟု ဖြစ်ပါသည်။

**၂။ ဝန်ချတောင်းပန်ပါ။** သခင်ယေရှုထံ၌ သင်၏အပြစ်များကိုဝန်ချအပ်နှံပါ။ ၄င်း၏အဓိပ္ပာယ်မှာ"ပြောပြခြင်း(သို့) ဝန်ခံခြင်း" ဖြစ်ပါသည်။

**၃။ စွန့်ပယ်လိုက်ပါ။** သင်၏အပြစ်ကို စွန့်ပယ်ခြင်း ဆိုသည်မှာ "အပြစ်နှင့်သီးသန့်နေခြင်း"၊ အရှုံးပေးခြင်းဟု အဓိပ္ပာယ်ရသည်။

**၄။ ယုံကြည်ပါ။** ခရစ်တော်ကို သင်၏ကယ်တင်ရှင်အဖြစ် ယုံကြည်ပါ။ (ဖတ်ရန် ယောဟန် ၃း၁၆)

**၅။ လက်ခံပါ။** သင်၏နှလုံးသားထဲမှ သခင်ယေရှုကိုလက်ခံပါ။ (ဖတ်ရန် ယောဟန် ၁း၁၂)



သင်သည်ဆုတောင်းဖို့ အကူအညီ လိုအပ်လျှင် အောက်ပါအချက်ကိုလမ်းညွှန်ချက်အဖြစ်အသုံးပြုနိုင်သည်။

**အိုချစ်ရပါသောသခင်ယေရှု၊**

ကျွန်ုပ်အပြစ်များကိုဆောင်ယူ၍ကားတိုင်ပေါ်မှာ အသေခံသွားသည့်အတွက်ကျေးဇူးတင်ပါသည်။ ကျွန်ုပ်လွန်ကျူးခဲ့သောအပြစ်မှားများအားလုံး အတွက်ကြေကွဲဝမ်းနည်းမိပါသည်။ ကျွန်ုပ်၏ စိတ်နှလုံးထဲ၌ကျိန်းဝပ်ပါရန်နှင့် ကြွရောက်ပါရန် တောင်းလျှောက်ပါ၏။ အကျွန်ုပ်သည် သခင် ယေရှုကို ကိုးစားသည်ဖြစ်ပါသောကြောင့် ယခုမှ စ၍ ကျွန်ုပ်၏စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်စေ တော်မူပါ။ ကျွန်ုပ်၏ အရှင်သခင်အဖြစ်နှင့် ကယ်တင်ရှင်အဖြစ်ကိုယ်တော်ကို ယူတင်ဝတ် ဆောင်ပါ၏။

သခင်ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

"ထာဝရဘုရားသည်... ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှါအလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏။" (၂ ပေတရု ၃း၉)

"မိမိအပြစ်ကို ဝှက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကို ဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား ကရုဏာတော်ကို ခံရလိမ့်မည်။" (သုတ္တံ ၂၈း၁၃)

# သခင်ယေရှုနှင့် ဆိုင်သောသူတို့သည် ထာဝရအသက်ကိုရ၏

“သခင်ဘုရားသည် မိမိလူတို့ကို သိကျွမ်းတော်မူ၏” ၂ တိမောသေ ၂း၁၉–က



**ကျွန်ုပ်တို့၏ခန္ဓာကိုယ်သေဆုံးသောအခါ၊ ဝိညာဉ်သည်ထာဝရဘုရားထံတော်သို့သွားပေသည်။**

“ထိုကာလ၌ မြေမှုန့်သည် နေရင်းမြေသို့၎င်း၊ ဝိညာဉ်သည် အရင်ပေးသောဘုရားသခင်ထံသို့၎င်း ပြန်သွားရလိမ့်မည်။”

(ဒေသနာကျမ်း ၁၂း၇)

**ခန္ဓာကိုယ်မှာအသက်မရှိခြင်းသည် ဘုရားသခင်နှင့်အတူရှိခြင်းဖြစ်ပေသည်။**

(၂ ကောရိန္သု ၅း၈ ကိုဖတ်ပါ)

**၎င်းသည်အံ့ဩစရာမဟုတ်ပေ။ ကျွန်ုပ်တို့သွားရခြင်းမှာ ဘုရားသခင်နှင့်အတူ ထာဝစဉ်နေရဖို့ဖြစ်သည်။**

(၁ သက်သာ ၄း၁၃–၁၈ ကိုဖတ်ပါ)

**ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်သဏ္ဍာန်တူလိမ့်မည်။**

“နိုးသောအခါ ပုံသဏ္ဍာန်တော်အားဖြင့် အကျွန်ုပ်အလိုပြည့်စုံရပါလိမ့်မည်။” ဆာလံ ၁၇း၁၅–ခ

“ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ငါတို့သည် မြင်ရကြလတံ့။” ၁ ယောဟန် ၃း၂

**နှစ်သိမ့်ခြင်း**

၁ သက်သာလောနိတ် ၄း၁၃–၁၈

**၁၃** ညီအစ်ကိုတို့၊ မျှော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း အိပ်ပျော်သောသူတို့၏ အမှုအရာကို မသိဘဲ နေစေခြင်း၌ ငါတို့အလိုမရှိ။

**၁၄** ယေရှုသည် သေပြီးမှ တစ်ဖန်ပြန်ရှင်တော်မူသည်ကို ငါတို့သည် ယုံကြည်လျှင် ထိုနည်းတူ ယေရှု၌အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်။

**၁၅** သခင်ဘုရား၏ဗျာဒိတ်တော်အားဖြင့် တစ်ဖန် ငါတို့ဆိုသည်ကား သခင်ဘုရားကြွလာတော်မူသောအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အိပ်ပျော်ပြီးသောသူတို့၏ အရင်အဦးနေရာ ကျရကြမည်မဟုတ်။

**၁၆** သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တစ်ကွ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးပြန်ရှင်ကြလိမ့်မည်။

**၁၇** ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသ ကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်း၌ ထိုသူတို့နှင့်တစ်ကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။

**၁၈** သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်း တစ်ယောက်ကို တစ်ယောက် သက်သာစေကြလော့။

ဘုရားသခင်၌သူ့ကိုချစ်သောသူတို့အတွက် အံ့ဩဘွယ်ရာအများအပြားရှိပေသည်။
“ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို့ကို လူ့မျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး။”
၁ ကောရိန္သု ၂း၉ ခ






ကျွန်ုပ်တို့ကွယ်လွန်သောအခါ ခန္ဓာကိုယ်သည်လဲလျောင်းနေပြီး သခင်ယေရှု ကမ္ဘာမြေသို့ တဖန်ပြန်ကြွလာသော ရှင်ပြန်ထမြောက်ရမည့်နေ့ကို စောင့်ဆိုင်းနေရသည်။ ခရစ်တော်အားဖြင့်သေခြင်းမှရှင်ပြန်ထမြောက်ရလိမ့်မည်။ ၁ သက်သာလောနိတ် ၄း၁၆

**“ပထမထမြောက်ခြင်း၌ဝင်စားသောသူသည်သန့်ရှင်းခြင်းနှင့် ကောင်းကြီးမင်္ဂလာကို ခံစားရသောသူဖြစ်သည်။”** **(ဗျာဒိတ် ၂၀း၆)**



SOMEDAY WE TOO SHALL HAVE A NEW BODY

**တစ်နေ့နေ့၌ ကျွန်ုပ်တို့သည်လည်း၊ ခန္ဓာကိုယ်အသစ်ကိုရရှိပါလိမ့်မည်။**
**(၁ ကောရိန္သု ၁၅း၅၁–၅၃)**

“ထိုသခင်သည် ငါတို့၏ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူ ဖြစ်စေခြင်း၌ါ အသစ်ပြင်ဆင်တော်မူလတ့ံ။” ဖိလိပ္ပိ ၃း၂၁–က

“နက်နဲသောအရာတစ်ခုကို ငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း နောက်ဆုံးသောတံပိုးမှုတ်သောအခါ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သူတို့သည် မပုပ်နိုင်သော အဖြစ်၌ တည်လျက် ပြန်ရှင်၍ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။” ၁ ကောရိန္သု ၁၅း၅၁–၅၂

# “ရှင်ပြန်ထမြောက်ခြင်းနှစ်မျိုး”

## လူတိုင်း–လူတိုင်းသေခြင်းမှရှင်ပြန်ထမြောက်လိမ့်မည်။

၁။ အချို့သည်အသက်ရှင်ခြင်းသို့ ရှင်ပြန်ထမြောက်လိမ့်မည်။

၂။ အချို့သည် ငရဲကျခံရန် ရှင်ပြန်ထမြောက်လိမ့်မည်။

**ယောဟန် ၅း၂၈–၂၉** “ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာပြန်ရှင်ခြင်းသို့၎င်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာပြန်ရှင်ခြင်းသို့၎င်း၊ ထွက်ရကြလတံ့။”

**တမန်တော် ၂၄း၁၅–ခ** “ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူရှိသမျှတို့သည် သေခြင်းမှပြန်ရှင်ကြလိမ့်မည်။”

### ခရစ်တော်၌သေလွန်သောသူတို့သည် ပထမထမြောက်ခြင်း၌ ပါဝင်ရလိမ့်မည်

**၁ သက်သာလောနိတ် ၄း၁၆** “သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တစ်ကွ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးပြန်ရှင်ကြလိမ့်မည်။”

**ဗျာဒိတ် ၂၀း၄–၆(က)** “ပလ္လင်များကိုလည်း ငါမြင်၏။ ပလ္လင်ပေါ်မှာထိုင်သောသူတို့သည် တရားစီရင်ရသော အခွင့်ကိုရကြ၏။ သားရဲနှင့် သူ၏ရုပ်တုကိုမကိုးကွယ်။ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌မခံ။ လက်၌မခံဘဲနေ၍ ယေရှု၏သက်သေခံတော်မူချက်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကြောင့် လည်ပင်းဖြတ်ခြင်းကို ခံရသောသူတို့၏ဝိညာဉ်များကို ငါမြင်၏။ သူတို့သည် အသက်ရှင်၍ နှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြ၏။ ကြွင်းသောလူသေတို့သည် ထိုနှစ်တစ်ထောင်မကုန်မီ အသက်မရှင်ကြရ။ ဤပြန်ရှင်ခြင်းကား ပထမပြန်ရှင်ခြင်းဖြစ်သတည်း။ ပထမပြန်ရှင်ခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ ဖြစ်၏။ ထိုသို့သောသူသည် ဒုတိယသေခြင်း၏လက်နှင့် ကင်းလွတ်၏။”

### သခင်ယေရှုခရစ် ကြွလာချိန်တိုင်အောင် အသက်ရှင်နေသူတို့သည် မည်သို့ဖြစ်လိမ့်မည်နည်း

**၁ သက်သာလောနိတ် ၄း၁၇** “ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှါ ထိုသူတို့နှင့်တစ်ကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။”

### ပထမရှင်ပြန်ထမြောက်ခြင်း၌ ဝင်စားလိုသောသူတို့သည် အောင်မြင်သူများဖြစ်ရမည်

**ဗျာဒိတ်ကျမ်း ၂း၇(ခ)** “အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင် ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကို စားစေခြင်းငှါ ငါအခွင့်ပေးမည်။”

**ဗျာဒိတ်ကျမ်း ၂း၁၁(ခ)** “အောင်မြင်သောသူကို ဒုတိယသေခြင်းသည် မညှင်းဆဲရ။”

**ဗျာဒိတ်ကျမ်း ၂း၁၇(ခ)** “အကြင်သူသည် အောင်မြင်၏။ ဝှက်ထားသောမန္နကို၎င်း၊ ကျောက်ဖြူလက်ဖွဲ့ကို

၄င်း၊ ထိုကျောက်ပေါ်၌ အက္ခရာတင်သောနာမသစ်ကို၄င်း ထိုသူအားငါပေးမည်။ ထိုကျောက်ကိုရသော သူမှတစ်ပါး အဘယ်သူမျှ ထိုနာမကိုမသိနိုင်ရာ။"

**ဗျာဒိတ်ကျမ်း ၂း၂၆** "အကြင်သူသည် အောင်မြင်၍ အဆုံးတိုင်အောင် ငါ့အကျင့်ကိုကျင့်၏။ ငါ့ခမည်းတော် သည် ငါ့အား အခွင့်ပေးတော်မူသကဲ့သို့ လူမျိုးတို့ကို အုပ်စိုးစေခြင်းငှါ ထိုသူအား ငါသည်အခွင့်ပေးမည်"

**ဗျာဒိတ်ကျမ်း ၃း၅** "ထိုသူ၏နာမကို အသက်စာစောင်မှ ငါသည် အလျှင်းမချေ။ ငါ့ခမည်းတော်ရှေ့၌၄င်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌၄င်း၊ သူ၏နာမကို ငါဝန်ခံမည်။"

**ဗျာဒိတ်ကျမ်း ၃း၂၁** "ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်နေရသောအခွင့်ကို ငါပေးမည်"

## ယေရှုသည် မိမိလူတို့ကို ဘယ်အခြေအနေမျိုးမှာမဆို စောင့်ရှောက်ပါလိမ့်မည်

**ရောမ ၁၄း၈–၉** "အသက်ရှင်လျှင် သခင်ဘုရားအဘို့အလို့ငှါ ရှင်၏။ သေလျှင်လည်း သခင်ဘုရားအဖို့ အလို့ငှါ သေ၏။ ထို့ကြောင့် အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ သခင်ဘုရားဆိုင်တော်မူ၏။ အကြောင်းမူကား ခရစ်တော်သည် သေသောသူတို့ကို၄င်း၊ ရှင်သောသူတို့ကို၄င်း၊ အစိုးရသောအရှင်ဖြစ်စေ လိုသောငှါ အသေခံ၍ ခံပြီးမှ အသက်ရှင်ပြန်တော်မူ၏။"

## သင်သည်မည်သူကိုအစေခံမည်နည်း

**ရောမ ၆း၁၆** "အကြင်သူ၏အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှါ သင်တို့ဝင်၍အစေခံ၏။ ထိုသူသည် သေခြင်းနှင့် ယှဉ်သော အပြစ်တရားဖြစ်စေ၊ ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်ယှဉ်သော နားထောင်ခြင်းတရားဖြစ်စေ၊ သင်တို့သည် သခင်ဖြစ်သည်ကို မသိကြသလော။"

**ဟေဗြဲ ၅း၉** "ထို့ကြောင့် သခင်ဘုရား၏ လူတို့အဖို့အလို့ငှါ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်သေး ၏။"

**လုကာ ၁၆း၁၃** "အဘယ်အစေခံမျှ သခင်နှစ်ဦးအစေကို မခံနိုင်။ သခင်တစ်ဦးကိုမုန်း၍ တစ်ဦးကိုချစ်မည်။ သခင်တစ်ဦးကို မှီခို၍ တစ်ဦးကို မခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကို၄င်း၊ လောကီ စည်းစိမ်၏အစေကို၄င်း မခံနိုင်ကြ။"

**ရောမ ၂း၆** "ဘုရားသခင်သည် လူအသီးသီးတို့အား မိမိတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့။"

**ရောမ ၂း၁၁** "ဘုရားသခင်သည် အဘယ်သူကိုမျှ မျက်နှာလိုက်တော်မမူ။"

**ရောမ ၂း၁၃** "အကြောင်းမူကား တရားနာသောသူသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သည်မဟုတ်။ တရားကို ကျင့်သောသူသာလျှင် ဖြောင့်မတ်ရာသို့ရောက်လိမ့်မည်။"

**"အသက်စာစောင်၌ စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။"**

**ဗျာဒိတ် ၂၀း၁၅**



ယောဟန်သည်  သန့်ရှင်းသောမြို့တော်ကိုမြင်တွေ့ရခြင်း

# ကောင်းကင်ဘုံသည် စစ်မှန်သောနေရာတစ်ခုဖြစ်သည်

## ကောင်းကင်သစ်နှင့်မြေကြီးသစ်

(ဗျာဒိတ် ၂၁ ရှိယောဟန်၏ရူပါရုံ)

**ပိုဒ်ငယ် ၁–၅** ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း ငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ။ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက် ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှဆင်းသက်သည်ကို ငါမြင်၏။ ကောင်းကင်မှကြီးသောအသံကား ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ။ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူကလည်း ငါသည်ခပ်သိမ်းသောအရာတို့ကို အသစ်ဖန်ဆင်းသည်ဟု မိန့်တော်မူ၏။ တစ်ဖန်တုံ ရေးထားလော့။ ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သောစကားဖြစ်၏။

**ပိုဒ်ငယ် ၁၀–၁၄** ကြီးမြတ်သောတောင်သို့ ဝိညာဉ်တော်အားဖြင့် ငါ့ကိုဆောင်သွား၍ သန့်ရှင်းသောယေရုရှလင်မြို့သည် ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်စုံလျက် ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှဆင်းသက်လာသည်ကို ငါ့အားပြလေ၏။ ထိုမြို့၏ အရောင်အဝါသည် ကျောက်သလင်းနဂါးသွဲ့ကဲ့သို့ အမြတ်ဆုံးသောကျောက်မြတ်မွန်နှင့်တူ၏။ ကြီးမြင့်သောမြို့ရိုးလည်းရှိ၏။ အရှေ့ဘက်၌ ဝင်ပေါက်တံခါးသုံးပေါက်၊ မြောက်ဘက်၌သုံးပေါက်၊ တောင်ဘက်၌သုံးပေါက်၊ အနောက်ဘက်၌သုံးပေါက်၊ ဝင်ပေါက်တံခါး တစ်ဆယ့်နှစ်ပေါက်ရှိ၏။ ထိုဝင်ပေါက်တံခါး တစ်ဆယ့်နှစ်ပေါက်၌ ကောင်းကင်တမန်တစ်ဆယ့်နှစ်ပါးရှိ၏။ ဣသရေလအမျိုး တစ်ဆယ့်နှစ်မျိုး၏ နာမတို့သည် ထိုဝင်ပေါက်တံခါးပေါ်၌ ရေးထားလျက်ရှိ၏။ မြို့ရိုးအမြစ်သည် တစ်ဆယ့်နှစ်ထပ်ရှိ၏။ သိုးသူငယ်၏တမန်တော် တစ်ဆယ့်နှစ်ပါး၏နာမတို့သည် မြို့ရိုးအမြစ်ပေါ်၌ ရေးထားလျက်ရှိကြ၏။

**ပိုဒ်ငယ် ၁၆၊၁၈–၁၉(က)** မြို့သည် စတုရန်းလေးထောင့်ဖြစ်၏။ ထိုသူသည် ကျူလုံးနှင့်မြို့ကိုတိုင်း၍ မြို့၏အနံ၊ အလျား၊ အမြင့်၊ ယူဇနာတစ်ရာ့နှစ်ဆယ်စီရှိ၏။ မြို့ရိုးကိုယ်သည် နဂါးသွဲ့ကျောက်ဖြစ်၏။ မြို့သည်လည်း ကြည်လင်သောဖန်နှင့်တူသော ရွှေစင်ဖြစ်၏။ မြို့ရိုးအမြစ်တို့သည် ကျောက်မျက်အမျိုးမျိုးနှင့် ပြည့်စုံကြ၏။

**ပိုဒ်ငယ် ၂၁–၂၇** ဝင်ပေါက်တံခါးရွက် တစ်ဆယ့်နှစ်ရွက်အသီးသီးတို့သည် ပုလဲတစ်ပြားစီဖြင့်ပြီး၍ ပုလဲ တစ်ဆယ့်နှစ်ပြားဖြစ်ကြ၏။ မြို့လမ်းမသည် ကြည်လင်သောဖန်ကဲ့သို့သော ရွှေစင်ဖြစ်၏။ မြို့ထဲ၌ ဗိမာန်တော်ကို ငါမမြင်။ အကြောင်းမူကား အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်နှင့် သိုးသူငယ်သည် ထိုမြို့၏ဗိမာန်တော်ဖြစ်တော်မူ၏။ ထိုမြို့သည် နေ၏အရောင်၊ လ၏အရောင်ကို အလိုမရှိ၊ အကြောင်းမူကား ဘုရားသခင်၏ဘုန်းတော်သည် ထိုမြို့ကိုလင်းစေ၏။ သိုးသူငယ်သည်လည်း ထိုမြို့၏ ဆီမီးဖြစ်၏။ လူအမျိုးမျိုးတို့သည် ထိုမြို့၏အလင်းကို အမှီပြု၍ သွားလာကြလိမ့်မည်။ လောကီရှင်ဘုရင်

တို့သည်လည်း မိမိတို့ဘုန်းအသရေကို ထိုမြို့ထဲသို့ဆောင်ခဲ့ကြလိမ့်မည်။ မြို့ဝင်ပေါက်တံခါးတို့ကို နေ့အချိန်၌ အလျင်းမပိတ်တတ်။ ညဉ့်ဟူ၍မရှိ။ လူအမျိုးမျိုးတို့သည် မိမိတို့ဘုန်းအသရေကို ထိုမြို့ထဲသို့ဆောင်ခဲ့ကြလိမ့်မည်။ ညစ်ညူးသောအရာ၊ စက်ဆုပ်ဖွယ်သောအရာ၊ သစ္စာပျက်သောအရာတစ်စုံတစ်ခုမျှ မဝင်ရဘဲ သိုးသူငယ်၏ အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင် ဝင်ရ၏။

## သင်တို့၏စိတ်နှလုံးပူပန်ခြင်းမရှိစေကြနှင့်

**ယောဟန် ၁၄း၁–၃** "တစ်ဖန်တုံ ယေရှုက၊ သင်တို့ စိတ်နှလုံးပူပန်ခြင်းမရှိကြနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တစ်ဖန်ပြန်လာ၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်။"

## ဖြူသောဝတ်လုံကိုဝတ်ဆင်ထားသော လူအပေါင်းတို့သည် ပလ္လင်တော်ရှေ့တွင် ရပ်ကြလိမ့်မည်

**ဗျာဒိတ် ၇း၉၊၁၃–၁၄** "ထို့နောက်မှ ငါကြည့်လျှင် အသီးအသီးဘာသာစကားကိုပြောသော လူမျိုးနွယ် ခပ်သိမ်းတို့အထဲမှထွက်၍ ဘယ်သူမျှမရေတွက်နိုင်သော လူအပေါင်းတို့သည် ဖြူသောဝတ်လုံကို ဝတ်ဆင်လျက် စွန်ပလွံခက်ကိုကိုင်လျက် ပလ္လင်တော်ရှေ့၊ သိုးသူငယ်ရှေ့မှာ ရပ်နေကြ၏။ အသက်ကြီးသော တစ်ပါးကလည်း ဖြူသောဝတ်လုံကိုဝတ်ဆင်သော ဤသူတို့သည် အဘယ်သူနည်း။ အဘယ်အရပ်က လာကြသနည်းဟု ငါ့အားမေးမြန်းလျှင် ငါက သခင်၊ ကိုယ်တော်သိပါ၏ဟု ပြန်လျှောက်၏။ သူကလည်း ဤသူတို့သည် ကြီးစွာသော ဆင်းရဲဒုက္ခအထဲက ထွက်မြောက်၍ မိမိတို့ဝတ်လုံကို သိုးသူငယ်၏အသွေး၌ လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း။"

**ဗျာဒိတ် ၂၂း၁၄** "အသက်ပင်နှင့်ဆိုင်၍ မြို့ဝင်ပေါက်တံခါးအတွင်းသို့ ဝင်အံ့သောငှါ ပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။"

**ခရစ်ယာန်တစ်ဦးဆိုသည်မှာ အဘယ်နည်း။**

**စိတ်နှလုံးထဲ၌ ခရစ်တော်ကျိန်းဝပ်တော်မူသောသူကို ခေါ်ဆိုပါသည်။ (ရောမ ၈း၁၁)**

# ယောဘသည်စမ်းသပ်စစ်ဆေးခြင်းအားလုံးကို အောင်နိုင်ပြီး သူ့မေးခွန်း အဖြေကိုရှာတွေ့ခဲ့ပါသည်



**သူ့မေးခွန်း၏အဖြေမှာ**

ယောဘသည် သူ့မေးခွန်း၏အဖြေကို ရှာတွေ့ခဲ့သည်။ "လူသည်သေဆုံးခဲ့လျှင်၊ တစ်ဖန် ပြန်ရှင်ဦးမည်လား။" သူ၏ခန္ဓာသည်သေဆုံးပြီး၊ တီကောင်ပိုးရွတို့ဖျက်ဆီးကြမည်ကို သိပေသည်။ အသစ်သော ခန္ဓာကိုယ်နှင့်ဘုရားသခင်ကို ဖူးတွေ့ရမည်ကိုလည်း သိပေသည်။ ယောဘသည် ဘုရားရှင်ကို သူ၏ရွေးနှုတ်ကယ်တင်ရှင်အဖြစ်ယုံကြည်ကိုးစားပေသည်။ သူ၏စကားမှာ –

"ငါ့ကိုရွေးနှုတ်သောသခင်သည် အသက်ရှင်၍ နောင်ကာလ၌ မြေမှုန့်ပေါ်မှာ ပေါ်လာတော်မူမည်ဟူ၍၄င်း၊ ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း ငါသည် ကိုယ်ခန္ဓာ၌ ဘုရားသခင်ကို မြင်မည်ဟူ၍၄င်း ငါသိ၏။ ငါ့ဘက်၌ နေတော်မူသော ဘုရားသခင်ကို ငါမြင်မည်။ သူတစ်ပါးမြင်သည်သာမက ငါသည် ကိုယ့်မျက်စိနှင့် ဖူးမြင်မည်"

**ယောဘ ၁၉း၂၅–၂၇(က)**

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့သည် အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ထပ်မံသိရပေလိမ့်မည်။ "ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား မျက်မှောက်ထင်ထင် မြင်ရကြလိမ့်မည်။ ယခုတွင် ငါအသိအမြင် မစုံမလင်ဖြစ်၏။ ထိုအခါမူကား သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ ငါသိရလိမ့်မည်။" (၁ ကောရိန္သု ၁၃း၁၂)

# ခရစ်တော်သည် ကမ္ဘာမြေကြီးပေါ်သို့ နောက်တစ်ဖန် ပြန်ကြွလာဦးမည်

"ကြည့်ရှုလော့။ မိုးတိမ်နှင့်တစ်ကွ ကြွလာတော်မူသည်ဖြစ်၍ ကိုယ်တော်ကို ထိုးဖောက်သောသူတို့နှင့် ရှိသမျှသောသူတို့သည် ကိုယ်တော်ကို ရှုမြင်ကြရလိမ့်မည်။" ဗျာဒိတ် ၁း၇(က)



"သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတ့ံဟု ပြောဆို၏။"

တမန်တော် ၁း၁၁(ခ)

"ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား သင်တို့မထင်မှတ်သော အချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်။" မဿဲ ၂၄း၄၄

# ကြည့်ရှုလော့၊ ငါသည်ကမ္ဘာအဆက်ဆက် အသက်ရှင်သောသူဖြစ်၏။
# (ဗျာဒိတ် ၁း၁၈-ခ)

